ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းအားလက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း Mr. ˚Rodolfo ˚C. Severino အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Rodolfo C. Severino အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Rodolfo C. Severino နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တောင်ရေချောင်း ရေလှောင်တမံကို တည်ဆောက်ခဲ့ရာ တောင်ရေချောင်းကို ပိတ်၍ ရေလွှဲဥမင်မြောင်းကြီးကို စက်ယန္တရားကြီးများဖြင့် မြေညှိမြေသယ် ဆောင်ရွက်နေစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒေသစိမ်းလန်းစိုပြည်ရေးအထောက်အကူပြုမည့် ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်းတမံ

ကွင်းဆင်းရေးသားသူ – ကျော်စိန်၊ ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ၁၉၆၁–၆၂ ခုနှစ်အထိ ပြည်နယ်နှင့်တိုင်းအသီးသီး၌ ဆည်ပေါင်း ၆၉ ခုကိုလည်းကောင်း၊ ၁၉၆၂–၆၃ ခုနှစ်မှ ၁၉၈၈–၈၉ ခုနှစ်အထိ ဆည်ပေါင်း ၆၉ ခုကိုလည်းကောင်း တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈–၈၉ ခုနှစ်မှ ၂၀၀၃–၂၀၀၄ ခုနှစ် ဇွန်လအထိ ၁၆ နှစ်တာကာလတိုအတွင်း ဆည်တမံပေါင်း ၁၆၁ ခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၆၂–၆၃ ခုနှစ်မှ ၁၉၈၈–၈၉ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ဆည်တမံများအနက် အချို့သောဆည်များသည် သတ်မှတ်ထားသော ရေဧကများမဝင်တော့သောကြောင့် ဆည်ရေသောက်၍ စိုက်ပျိုးနေသည့် သီးနှံဧရိယာများသို့ ရေလုံလောက်စွာမပေးနိုင်ဘဲရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●



တောင်ရေချောင်း ရေလှောင်တမံ

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲရွာအနီးတွင် တည်ဆောက်ပြီးစီးလျက်ရှိသည့် တောင်ရေချောင်း ရေလှောင်တမံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး စပါးနှင့် အခြားသီးနှံစုံအထွက်တိုးရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေး ကဏ္ဍသည် ပြည်သူများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံစေရေးနှင့် ဆက်စပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လူဦးရေ ၅၃သန်းခန့် ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်၏ လူဦးရေအများစုဖြစ်သည့် ကျေးလက်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မား လာစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးပေါင်း ၁၆၁ခုကို တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ မြစ်ရေတင်လုပ်ငန်း ၂၆၅ခုကိုလည်း ဆောင်ရွက်ပေးထားပြီး ဖြစ်သည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် တီထွင်ကြံဆ ဖြည့်ဆည်း ပေးလျက် ရှိသည်နှင့်အညီ တောင်သူလယ်သမားကြီးများကလည်း မြေလွတ်မြေလပ်မကျန် တိုးချဲ့စိုက်ပျိုးပြီး သီးနှံအထွက်တိုးရေး အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၂၃ရက်နေ့ ညနေပိုင်းတွင် လှိုင်းဘွဲမြို့နယ် တဝန်ဖန်ရကျေးရွာရှိ တောင်သူဦးပယ်ရှင်း၏ လယ်မြေ၌ကျင်းပသည့် လှိုင်းဘွဲမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်စနစ်မှန် စိုက်ပျိုးရေး သရုပ်ပြခြင်းနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် သရုပ်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက-

"မိမိဒေသ ဆန်ဖူလုံရေးသာမက ပိုလျှံအောင် ရည်မှန်းချက်ထား၍ စိုက်ပျိုးထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းဖြစ်သည့် တစ်ဧက တင်း၁၀၀ထွက်ရှိအောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်သုံးစွဲရေးနှင့် သီးနှံအလိုက် ရေတော်မီးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်၍ အကြံဉာဏ်တောင်းခံ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း"

ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် SR I Method ခေတ်သစ် ပျိုးထောင်စနစ်၊ ခေါင်နှံဖြင့် အစေ့ချစိုက်ပျိုးစနစ်၊ တိုက်ရိုက်အစေ့ချနည်းစနစ်များဖြစ်သော အစုအလိုက်၊ ကြွက်မြီးတန်းနှင့် အစေ့ချကိရိယာသုံး အစေ့ချစိုက်စနစ်များ၊ ပျိုးထောင်စိုက်စနစ်ဖြစ်သည့် ခြောက်တန်း တစ်တန်းလှပ်စနစ်၊ တစ်တန်းနှင့်တစ်တန်းကိုးလက်မ၊ တစ်ပင်နှင့်တစ်ပင် လေးလက်မထားရှိ စိုက်ပျိုးနည်းစနစ်များ၊ သရုပ်ဖော်စိုက်ပျိုးမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စပါးအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုး စေလျက်ရှိပြီး စိုက်ပျိုးစနစ်မှန်ကန်ရေး အသိပညာပေးလျက်ရှိသည့်အပြင် စပါးစိုက်ဧက တိုးတက်ဖော်ထုတ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်ကို မိုးစပါးဧက ငါးသိန်းပြည့်မီအောင် ဆောင်ရွက်သွားရန် သတ်မှတ်ပေးထားပြီး ဖြစ်ရာ ဘားအံခရိုင်အနေဖြင့် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၏ ၆၄ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ကရင်ပြည်နယ်တွင် ဘားအံခရိုင်သည် လက်ရှိမိုးစပါး စိုက်ပျိုးဧက အများဆုံး ဖြစ်သကဲ့သို့ ၂၀၀၄-၂၀၀၅ခုနှစ်အတွက် မိုးစပါးတိုးမြှင့်စိုက်ဧက လျာထားမှုတွင်လည်း အများဆုံးဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အညီ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးတို့အတွက် ခေတ်မီစိုက်ပျိုးရေး နည်းပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး စပါးနှင့် အခြားသီးနှံစုံ အထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Essentials of Valid Contract (ဒုတိယနှစ်-ဥပဒေပညာ အထူးပြု)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၁၉)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင်စွမ်းအားရှင်"** (အပိုင်း-၄)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီတော် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ရွှေတိဂုံစေတီတော် ၁၃၆၆ခုနှစ် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ် လပြည့်နေ့ထိ ရွှေတိဂုံစေတီတော် ရင်ပြင်တော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ရက်) နံနက်၇နာရီတွင် ရင်ပြင်တော်ပေါ်၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲကို အခမ်းအနားဖြင့် လှည့်လည်၍ မုခ်လေးမုခ်ရှိ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ဆက်ကပ်ပူဇော်ပြီး နံနက် ၉နာရီခွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစကြာ အခါတော်နေ့ အခမ်းအနားကျင်းပခြင်းနှင့် မွန်းလွဲ ၁နာရီတွင် ဘာသာရေးအသင်းအဖွဲ့များက ဓမ္မစကြာပါဠိတော် များကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စုပေါင်းရွတ်ဖတ်ပူဇော်ခြင်းတို့ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဒုတိယဝန်ကြီး ဌာနဆိုင်ရာလုပ်ငန်းများစစ်ဆေး ရှေးဟောင်းပစ္စည်းများထိန်းသိမ်းမှုနှင့် လုံခြုံမှုရှိရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ ရက်တွင် ရွှေဘိုမြို့၌ ပြန်လည်တည်ဆောက်နေသော အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာနန်းတော်သို့ ရောက်ရှိရာ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ပြတိုက်တာဝန်ခံ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက နန်းတော်တည်ဆောက်နေမှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းပြသကြသည်။

ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည် ဖြည့်ဆည်းပေး၍ တည်ဆောက်ပြီးစီးသော မြေနန်းတော်၊ နန်းမပြာသာဒ်၊စာရင်းတိုက်နှင့် ရွှေတိုက်တော်တို့ကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းရပ်များကို မှာကြားသည်။ ဒုတိယ ဝန်ကြီးနှင့်အဖွဲ့သည် နန်းတော်ဝင်းအတွင်းရှိ ကုန်းဘောင် ဆက်ပြတိုက်ပြတိုက်မွမ်းမံပြင်ဆင်မှု၊ ခင်းကျင်း ပြသထား ရှိမှုများကို ကြည့်ရှုပြီး ခင်းကျင်းပြသရမည့် အစီအစဉ် စနစ်များကိုမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်လည်တည်ဆောက်နေသော ဘိုးတော်မင်းတရားကြီး၏ ပိဋကတ်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေဘို-ကျောက်မြောင်းကားလမ်းရှိ အုန်းပေါက်ရွာအနီးမှ ဟံလင်း ရှေးဟောင်း မြို့သို့သွားရာ လမ်းဖောက်လုပ်နေမှုကို သွား ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ပေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး)သို့ သွားရောက်၍ ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်း များနှင့်တွေ့ဆုံပြီး တင်ပြချက်များကို ပြန်လည် ရှင်းလင်း ဖြည့်ဆည်းပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပန်းပု သင်ကြားရေးဆောင်နှင့် ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသန(အထက်မြန်မာပြည်ဌာနခွဲ)မှ တာဝန် ရှိသူများလိုက်ပါလျက် တံတားဦးမြို့နယ်ရှိ အင်းဝပြတိုက်သို့ သွားရောက်၍ ခင်းကျင်းပြသထားမှုများကို ကြည့်ရှု စစ်ဆေးပြီး ရှေးဟောင်းပစ္စည်းများ၏ ခင်းကျင်း ပြသမှု၊ ထိန်းသိမ်းမှု၊ လုံခြုံမှုကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့တွင် ပြန်လည်ပြုပြင်ထိန်းသိမ်းထားသောရှေးဟောင်းမဟာမင်းထင် သစ်သားကျောင်းကြီးကို ကြည့်ရှုစစ်ဆေးပြီး မန္တလေး မြောက်ဘက်မြို့ရိုးမှ ယိုယွင်းမှုကို ပြန်လည်ပြုပြင်နေမှုများ နှင့် မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ပြတိုက်များကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည်ညနေပိုင်းတွင်မန္တလေးအမျိုးသား ဓာတ်ရုံ၌ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံကာ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများကို ရှင်းလင်း မှာကြားသည်။ ထို့နောက် ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ညောင်ပင်သာကျောင်းတိုက်မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၇

အင်းစိန်မြို့ ရွာမအနောက် ဘုရင့်နောင်လမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ တွင် (၁၁)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ကျောင်းတိုက်ပဓာန နာယက ကမ္မဋ္ဌာနာစရိယ မိုးကုတ် နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ကျေးဇူး တော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီ များသည် ဖုန်း-၆၄၀၂၆၇ သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် ဩဂုတ် ၂ရက် ညနေအရောက် လာရောက် ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဓမ္မစကြာတရားပူဇော်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၇

တာမွေမြို့နယ် ပုသိမ်ညွန့် (စံပြ)ရပ်ကွက်လုံး ဆိုင်ရာ သာသနာ့ ဝေယျာဝစ္စဓမ္မာရုံကြီးတွင် (၁၅) ကြိမ်မြောက် ဓမ္မစကြာတရားပူဇော်ပွဲ၊ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာချ၊ စာအောင်သံဃာတော် ၈၆ပါးတို့အား ဆုချီးမြှင့် ပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁)ရက် နံနက်၁၁နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Air Vice Marshal (Retd.) Altaf Hossain Choudhury ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး H.E. Air Vice Marshal (Retd.) Altaf Hossain Choudhury နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. A.B. Manjoor Rahim လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာလတွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများကို လာမည့်ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့်ကြားကာလများတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဂျီတီစီစနစ် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ်၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ကျွန်းစိုက်ခင်းများစစ်ဆေး ကျွန်းပင်များ ရှင်သန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၇

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိသစ်စက်များ၊ အရောင်းဆိုင်များ၊ ပျိုးဥယျာဉ်နှင့် ကျွန်းစိုက်ခင်းများအားစစ်ဆေးပြီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးသည်။ (အောက်ပုံ)

ဝန်ကြီးသည် ဇူလိုင်၂၅ရက် နံနက်ပိုင်းတွင် သာယာဝတီမြို့ရှိ သစ်ဆိုင်နှင့် ကြို့ပင်ကောက်မြို့ရှိ သစ်ဆိုင်များသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သဲကုန်းမြို့နယ်ရှိ ၁၉၆၅ခုနှစ် ကျွန်းစိုက်ခင်း ၁၄၇ဧက သစ်စေ့ထုတ်ဧရိယာနှင့်ပေါက်ခေါင်းမြို့နယ် ပေါ်လံကြီးဒေသ ၁၉၆၇ခုနှစ် ကျွန်းစိုက်ခင်းများသို့ သွားရောက်စစ်ဆေးပြီး ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။ ညနေပိုင်းတွင် ဝန်ကြီးသည် ပေါင်းတလည်မြို့နယ်ရှိ အမှတ်(၈၃)သစ်စက်အားလည်းကောင်း၊ JIFPRO နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့မသစ်တောပျိုးဥယျာဉ်အားလည်းကောင်း၊ ပေါင်းတလည်မြို့ရှိ အမှတ်(၂၉)သစ်စက်အားလည်းကောင်း ရောက်ရှိစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် တုံးရေကြိုးဝိုင်းအတွင်း ပြုလုပ်သည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်သည်။ထိုမှတစ်ဆင့်ဝန်ကြီးသည် ပြည်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း အခြေစိုက် အလုပ်ရုံနှင့် ပြည်မြို့ရှိ သစ်ဆိုင်တို့အား စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပန်းတောင်းမြို့နယ်ရှိ ၂၀၀၄-၂၀၀၅ ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀သို့ သွားရောက်ကာ စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးပြီး ကျွန်းပင်များ ရှင်သန်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များရှင်းလင်း ဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ တက်ရောက်၍ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၏ဇနီး ဒေါ်သီတာဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဘဏ်များ၊ ဦးစီးဌာနများ၊ လုပ်ငန်းများမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၄၅၀တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် ခုနစ်ချက်၊ ဖွဲ့စည်းပုံ အဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်က အသင်းဝင်ရောက်ရန် လျှောက်လွှာ တင်သွင်းရေး ကိစ္စများကို ရှင်းလင်းဟောပြောသည်။

လှူဒါန်းငွေပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိသားစုက လှူဒါန်းငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီထံ ပေးအပ်ပြီး **(အောက်ပုံ)** ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ထစ်ချုန်းရွာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧရာနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနေကာ ဟင်္သာတမြို့တွင် တစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေပြီး တစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက် လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်ပြီး မော်လိုက်မြို့တွင် ခုနစ်ပေခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မိမိနိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင်လုပ်ရန် အခွင့်အရေးမိမိတို့၌ရှိ တပ်ပွဲဝင်များရုပ်သိမ်းမှု ဖိလစ်ပိုင်နှင့်စပိန်တို့ ကာကွယ်ပြောကြား

မနီလာ ဇူလိုင် ၂၆

ပြင်းပြင်းထန်ထန်ဝေဖန်ပြစ်တင်ရှုတ်ချမှုများကို ရင်ဆိုင်ရာတွင် စပိန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် တပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းခဲ့သည်။ ၎င်းတို့၏ဆုံးဖြတ်ချက်များကို တနင်္လာနေ့က ကာကွယ်ပြောကြားခဲ့ကြသည်။ မိမိတို့နိုင်ငံများ အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ရန်အခွင့်အရေး မိမိတို့၌ရှိကြောင်း ၎င်းတို့က စွဲစွဲမြဲမြဲပြောခဲ့ကြသည်။

တောင်းဆိုမည်

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာဒေါင်နာက ယခုကဲ့သို့ ရုပ်သိမ်းပေးခြင်းဖြင့် အစ္စလမ္မစ် ခုခံ တိုက်ခိုက်ရေး ပြောက်ကျားများ အားတက်လာပြီး ပြန်ပေးဆွဲမှုများကို ပိုလုပ်လာကာ အီရတ်မှထွက်ခွာဖို့ နောက်ထပ် နိုင်ငံများကို တောင်းဆိုလာလိမ့်မည်ဟု ပြောဆိုခဲ့သည်။

ပေါ်ထွက်

အီရတ်ရှိ ဩစတြေးလျတပ်ဖွဲ့ဝင်များအား မရုပ်သိမ်းလျှင် ဩစတြေးလျနိုင်ငံသည် သွေးထွက်သံယိုမှုများနှင့် ကြုံရမည်ဟု အုပ်စုတစ်စုက စနေနေ့၌ ဝက်ဘ်ဆိုက်မှ ခြိမ်းခြောက်ပြောဆိုခဲ့ပြီးနောက် ဝန်ကြီးချုပ်ဒေါင်နာ၏ ဝေဖန်ချက် ပေါ်ထွက်လာခဲ့သည်။

စမ်းသပ်မည်

အကြမ်းဖက်သမားများအား ဖိလစ်ပိုင်တို့က အရှုံးပေးခြင်းကြောင့် အီရတ်တွင် နောက်ထပ်ဓားစာခံများကို ဖမ်းဆီးမှုများဖြစ်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအား ဆက်လုပ်ရန်အားပေးသကဲ့သို့ရှိကြောင်း၊ ယခုအခါ မိမိတို့သည် အစမ်းသပ်ခံများဖြစ်လာကြောင်း၊ အီတလီ၊ ပိုလန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံသားများ နောက်ထပ်ခြိမ်းခြောက်ခံနေကြရ ကြောင်း ဒေါင်နာက ပြောကြားသည်။ **(အင်တာနက်)**

ဓားစာခံနှစ်ဦး ပြန်လွှတ်ပေးရေး အီဂျစ်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ကိုင်ရို ဇူလိုင် ၂၆

အီရတ်တွင် ပြန်ပေးဆွဲ ခံထားရသော အီဂျစ်သံတမန်နှင့် ထရပ်ကား မောင်းသမား တစ်ဦးအား သနားညှာ တာပြီး ၎င်းတို့အား လွှတ်ပေးရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက် အဘူလ် ဂျိဟိတ်က စနေနေ့ တွင်တိုက်တွန်းပြောကြားလိုက် သည်။

မျှော်လင့်

မိမိသည် အီဂျစ် သံတမန်နှင့် ကားသမားကို ပြန်ပေးဆွဲ သူများက သနားညှာတာပြီး လွှတ်ပေးမည်ဟု မျှော်လင့် ကြောင်း၊ သို့မှသာ ၎င်းတို့ သည် အီရတ်ပြည်သူများနှင့် အီဂျစ် ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ပြန်လာနိုင်မည် ဖြစ်ကြောင်း ဂျိဟိတ်က သတင်း ထောက်များအား ပြောသည်။

ကြိုးပမ်း

ဓားစာခံ နှစ်ဦး၏ လွတ် မြောက်ရေး အာမခံချက်ရှိရန် ကြိုးပမ်းဆောင် ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သည် ယခုကဲ့သို့အနေ အထားအတွင်း၌ အီဂျစ်နိုင်ငံ သားများအား မည်သည့်အခါမှ ထားရစ်ခဲ့မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြော သည်။

အရေးပါ

ပြန်ပေးဆွဲခဲ့ ခံရသော အီဂျစ်သံတမန်၏ အမည်မှာ မိုဟာမက်မန်ဒူကွတ်ဘ်ဖြစ်ပြီး ၎င်းသည် ဘဂ္ဂဒက်ရှိ အီဂျစ် သံရုံးတွင် တတိယအရေးပါ ဆုံးအဆင့်မြင့် အရာရှိဖြစ် သည်။

ထုတ်လွှင့်

သောကြာနေ့က ကာတာ အခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားမှ မျက်နှာဖုံးစွပ် ထားသော အနက်ရောင် လူ ခြောက်ဦးရှေ့တွင် ကွတ်ဘ်ထိုင် နေသည့်ပုံကို ထုတ်လွှင့်ပြသခဲ့ သည်။**အမ်အင်အေ၊ ဆင်ဟွာ**

အီရတ်နိုင်ငံ ဘူရှဇ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ် ပြောက်ကျားများကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နှစ်နိုင်ငံသံတမန်ဆက်ဆံရေး အမြန်ဆုံးပြန်လည်ပြုလုပ်ရန် ဆီးရီးယားသမ္မတနှင့်အီရတ်ဝန်ကြီးချုပ်တို့သဘောတူ

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်များမှစပြီး ပျက်ပြားခဲ့သော ဆီးရီးယားနှင့်ဆက်ဆံရေးကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံသည် လုံခြုံရေးကိစ္စရပ်များကိုလေ့လာရန် ကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း အီရတ် ကြားဖြတ်အစိုးရခေါင်းဆောင်က ပြောကြားသည်။

မိမိတို့သည် ဆီးရီးယားနိုင်ငံနှင့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်လိုက်ကြောင်း အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အာလာဝီက ဆီးရီးယားသမ္မတနှင့် ဆွေးနွေး အပြီး၌ သတင်းထောက်များအား ပြောကြားသည်။

မိမိတို့ ယခုဤနေရာသို့ လာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ ပြည်သူများ ဆက်ဆံရေးတွင် အလားအလာကောင်းသော ကဏ္ဍတစ်ရပ်၏ အစပင်ဖြစ် ကြောင်း အီရတ်ဝန်ကြီးချုပ်က စနေနေ့၌ ပြောကြားသည်။

အာလာဝီနှင့် ဆီးရီးယားသမ္မတ အာဆတ်တို့နှစ်ဦးသည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို အမြန်ဆုံးပြန်စရန် သဘောတူကြောင်း ဆီးရီးယားသတင်းဌာန ဆာနာက သတင်းထုတ်ပြန်ပေးသည်။ ၁၉၈၀ ပြည့်နှစ်များ၏ အစောပိုင်းတွင် အီရတ်နှင့် အီရန်စစ်ပွဲဖြစ်ပွားခဲ့ချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားခဲ့ရသည်။ **(အင်တာနက်)**

ဝင်ရောက်ရှာဖွေရန်ကြိုးစား

ဘာကူဘာမြို့တွင် အဆောက်အအုံတစ်ခု အတွင်းသို့ ဝင်ရောက်ရှာဖွေစစ်ဆေးရန် ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင်၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာဖဂန်အလယ်ပိုင်း၌ ကန်တပ်ဖွဲ့ကမှားယွင်းတိုက်ခိုက်

ကဘူးလ် ဇူလိုင် ၂၆

အာဖဂန်နစ္စတန်အလယ်ပိုင်းတွင် အမေရိကန်တပ်များက လေကြောင်းမှ မှားယွင်းပြီး ဗုံးကြဲတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက တနင်္ဂနွေနေ့၌ ပြောကြားသည်။

ဒဏ်ရာရသူများအနက် လေးဦးမှာ တာဝန်ပြန်လည်ထမ်းဆောင်နေပြီ ဖြစ်ကြောင်း၊ အခြားသူများကို ဆေးရုံ တင်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူ ဇာဟီယာအဇီမီက ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်မှု ဖြစ်ပွားရာ နေရာမှာ အာဖဂန်နှင့် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ခုခံ တိုက်ခိုက်ရေး ပြောက်ကျားများအား ပူးတွဲစစ်ဆင်ရာ အူရုဇ်ဂန်ပြည်နယ်ရှိ ဒီရာဝုဒ်ဒေသ၌ဖြစ်ပြီး အင်္ဂါနေ့က တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံး

အမေရိကန် တပ်ဖွဲ့များသည် ၂၀၀၁ခုနှစ်ကုန်ပိုင်း၌ အာဖဂန် နစ္စတန်နိုင်ငံကို ကျူးကျော်ခဲ့ချိန်မှစပြီး အချင်းချင်း မှားယွင်းပစ်ခတ်မှုများ ဖြစ်ခဲ့ကြသည်။ အဆိုးဆုံးမှာ လွန်ခဲ့ သည့် ဒီဇင်ဘာလ၌ အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း၌ အမေရိကန်တို့က မှားယွင်းပြီး တိုက်ခိုက်မှုကြောင့် ကလေး ၁၅ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဖာယက်ပြည်နယ် မြို့တော် မေမာနာ၌ရှိသော နော်ဝေးထောက်ကူရေး အေဂျင်စီရုံး၏ အပြင်ဘက်၌ လေလုံ ပေါင်းအိုးတွင် တပ်ဆင်ထားသော ဗုံးတစ်လုံး စနေနေ့က ပေါက်ကွဲသဖြင့် အာဖဂန်ရဲအဖွဲ့ဝင်လေးဦး ဒဏ်ရာရ ခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ

ဆူမတ္တရာကျွန်း၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဇူလိုင် ၂၇

ငလျင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ၃ရှိသော ငလျင် တစ်ခု အင်ဒိုနီးရှား နိုင်ငံ၏ ဆူမတ္တရာ ကျွန်းတွင် ဇူလိုင် ၂၅ ရက် တနင်္ဂနွေနေ့ ညက လှုပ်သွားကြောင်း၊ သို့ရာတွင် ပျက်စီးမှု နှင့် ထိခိုက်သေဆုံးမှု သတင်းမရရှိကြောင်း တာဝန်ရှိသူများက တနင်္လာနေ့၌ပြောကြား သည်။

အဆိုပါငလျင် သည် ဆူမတ္တရာကျွန်း ရှိ ပါလင်မ်ဘန်မြို့၏ အနောက်မြောက် ၆၂ ဒသမ ၅မိုင်ကို ဗဟိုပြု လျက် တနင်္ဂနွေနေ့ည က လှုပ်ခဲ့ကြောင်း ဂျကာတာရှိ မိုးလေဝသ နှင့်ဘူမိရူပ အေဂျင်စီ အရာရှိတစ်ဦးက ပြော ကြားသည်။

အဆိုပါအင်အား ပြင်းထန်သော ငလျင် သည် ဂျကာတာမြို့၏ အစိတ်အပိုင်းအချို့နှင့် ဘာလီကျွန်း၌လည်း လှုပ်ခဲ့သည်ဟုဆိုသည်။ ယင်းငလျင်ဗဟိုချက်ပြုရာ နေရာမှမိုင်၂၀၀ အကွာ ရှိ စင်ကာပူနိုင်ငံ၌ လည်း အဆိုပါ ငလျင် အရှိန်ကြောင့် အင်အား မပြင်းသော တုန်လှုပ် မှုများ ဖြစ်ပေါ်ခဲ့ရာ မြင့်မားသောအဆောက် အအုံများလှုပ်ခါသွားခဲ့ သည်ဟု သိရသည်။

စင်ကာပူ အရှေ့ ပိုင်းနှင့် တောင်ပိုင်း၌ မြင့်မားသော တိုက် အဆောက်အအုံများတွင် နေထိုင်ကြသူများက တနင်္ဂနွေနေ့ ည ၁၀ နာရီခွဲ(အီးဒီတီစံတော် ချိန် နံနက် ၁၀ နာရီခွဲ) ၌ ငလျင်လှုပ်ကြောင်း ပြောဆိုကြသည်။

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါတွင် ဖေဖော်ဝါရီလက ပြင်းအား ၇ ဒသမ၁ရစ်ချ်တာစကေး ရှိ ငလျင်လှုပ်ခဲ့ရာတွင် လူ ၃၀ထက်မနည်း သေဆုံးပြီး လူ၂၆၀၀၀ ခန့် အိုးအိမ်မဲ့ ဖြစ်ခဲ့ သည်။ (အင်တာနက်)

တိုးတက်နှုန်းမြင့်မားသော တရုတ်နှင့်အိန္ဒိယ အာရှနိုင်ငံကြီးနှစ်နိုင်ငံ အမေရိကန်နှင့်ဥရောပကို ကျော်လွန်နိုင်ဟုဆန်းစစ်လေ့လာသူများပြောကြား

ဝါရှင်တန် ဇူလိုင် ၂၆

တိုးတက်မှုနှုန်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပထက်စံချိန်တင်မြင့်မားသော အာရှတိုက်၏ နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် တရုတ် နိုင်ငံတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့ကို ကျော်လွန်သွားနိုင်ကြောင်း စူးစမ်းလေ့လာသူများက ပြောကြားသည်။

သိသိသာသာ ဖြစ်ထွန်းလာသော အာရှ၏စီးပွားရေးကို သတိပြုရန် အမေရိကန်အစိုးရအား ကလင်တန်အစိုးရလက်ထက်တွင် ကူးသန်းရောင်းဝယ် ရေးနှင့် နိုင်ငံတကာကုန်သွယ်ရေး မူဝါဒလက်ထောက်ဝန်ကြီးဖြစ်ခဲ့သူ ဒေးဗစ် ရော့သ်ကော့ပ်က သတိပေး ပြောကြားလိုက်သည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်စီးပွားရေးတွင် ယုံကြည် မှုလျော့လာနေကြကြောင်း ဥရောပပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့က ယမန်နှစ်၌ထုတ်ပြန်သည့်ကိန်းဂဏန်းကို ရည်ညွှန်းလျက် ၎င်းကသတိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်၌ ကမ္ဘာတစ်ဝန်း အက်ဖ်ဒီအိုင်တွင် ရင်းနှီးမြှုပ်နှံမှုပြုရာ နံပါတ်(၁)နေရာကို အမေရိကန်ပြည်ထောင်စုအစား တရုတ်က နေရာယူခဲ့ ကြောင်း ဥရောပပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုအဖွဲ့က ဖော်ပြခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

သြစတြေးလျနှင့် အီတလီတပ်များ အီရတ်မှ မရုပ်သိမ်းလျှင် တိုက်ခိုက်မည်ဟု အုပ်စုတစ်စုက ခြိမ်းခြောက်ထား

ဒူဘိုင်း ဇူလိုင် ၂၅

ပြည်ပတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့၏ ဥရောပအုပ်စုဟု အခိုင်အမာပြောဆိုသော တိုက်ခိုက်ရေးအုပ်စုတစ်စုက အကယ်၍ သြစတြေးလျနှင့် အီတလီနိုင်ငံတို့သည် အီရတ်မှနေ၍ ယင်းတို့၏တပ်ဖွဲ့များကို မရုပ်သိမ်းလျှင် သြစတြေးလျနှင့် အီတလီကို တိုက်ခိုက်မည်ဟု စနေနေ့က ခြိမ်းခြောက်လိုက်သည်။

အကယ်၍သြစတြေးလျနှင့်အီတလီနိုင်ငံတို့က အဆိုပါအုပ်စု၏ တောင်းဆိုချက်များကို မဖြည့်ဆည်းလျှင် နှစ်နိုင်ငံစလုံးကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စလမ္မစ်တာဝှစ်အုပ်စု၊ အယ်လ်ခိုင်ဒါအဖွဲ့၊ ဥရောပဟု လက်မှတ်ရေးထိုးထားသည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

သြစတြေးလျပြည်သူများ၏ အစိုးရသည် သြစတြေးလျတပ်ဖွဲ့များ ရုပ်သိမ်းရေးကို ငြင်းပယ်ပြီး မိမိတို့အား တုံ့ပြန်လာမည်ဆိုလျှင် အင်ဒိုနီးရှား၌ မိမိတို့လုပ်ဆောင်ခဲ့သည့်အတိုင်း မိမိတို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အီတလီပြည်သူများအနေဖြင့်လည်း မိမိတို့ကမ်းလှမ်းချက်ကို လက်မခံလျှင်အီတလီမြို့ကြီးများ၌ ကားဗုံးပေါက်ကွဲသံများ ကြားရလိမ့်မည်ဟု ဆက်လက်ဖော်ပြထားသည်။

ခြိမ်းခြောက်

ယခုထုတ်ပြန်သော ကြေညာချက်မှာ သီတင်းတစ်ပတ်အတွင်း ဒုတိယ ထုတ်ပြန်သော ကြေညာချက်ဖြစ်သည်။ ဗုဒ္ဓဟူးနေ့၌ အကယ်၍ တပ်ဖွဲ့များ အီရတ်မှမရုပ်လျှင် ဘူလ်ဂေးရီးယားနှင့် ပိုလန်ကို တိုက်ခိုက်မည်ဟုခြိမ်းခြောက်ခဲ့သည်။

ထို့ပြင် အဆိုပါအုပ်စုက အာရပ်နှင့်မွတ်စလင်နိုင်ငံများရှိ သြစတြေးလျ အကျိုးစီးပွားများကိုလည်း တိုက်ခိုက်မည်ဖြစ်ကြောင်းလည်း ခြိမ်းခြောက်ထားသည်။ **(အင်တာနက်)**

မှန်ကန်သောလမ်းကြောင်းပေါ်တွင် တရုတ်စီးပွားရေးတိုးတက် တရုတ်သမ္မတ ဟူကျင်တောင်ပြောကြား

ပေကျင်း ဇူလိုင် ၂၅

စီးပွားရေးမူဝါဒ ရေးဆွဲချမှတ်သူများ၏ တင်ကြိုတွေးခေါ်မြော်မြင်မှုဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးသည် မှန်ကန်သော လမ်းကြောင်းတွင် တိုးတက်ရွေ့လျားလျက်ရှိကြောင်း သမ္မတဟူကျင်တောင်က ပေကျင်း၌ သောကြာနေ့က ပြောကြားလိုက်သည်။

သမ္မတ ဟူကျင်တောင်သည် တရုတ်နိုင်ငံ၏ ကွန်မြူနစ်မဟုတ်သော ပါတီအဖွဲ့အစည်းများ၊ နိုင်ငံလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် ပြုလုပ်သောအစည်းအဝေးတွင် ထိုသို့ မှတ်ချက်ပြုပြောဆိုခြင်းဖြစ်သည်။

ထိုအစည်းအဝေး၌ ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို ဝန်ကြီးချုပ်ဝမ်ကြားပေါင်က သမ္မတဟူအစား အကျဉ်းချုံး ရှင်းလင်းပြောဆိုသည်။

ဗဟိုအစိုးရက ကျင့်သုံးသောလုပ်ငန်းဆောင်တာအမျိုးမျိုးနှင့် မူဝါဒများကို အဆင့်ဆင့်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီးပွားရေး တစ်ခုလုံးသည် မဟာစီးပွားရေးစည်းကမ်း ချက်များ၏ တင်ကြိုလျာထားချက်များအတိုင်း ရှေ့သို့ တိုးတက်ရွေ့လျား လျက်ရှိကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြောက်ဘက်၌ကန်စစ်ယာဉ်ဗုံးပေါက်ကွဲထိမှန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီးတစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၅

ဘဂ္ဂဒက်မြောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တစ်စီးအား လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

တိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၈၀ အကွာရှိ ဘေဂျီမြို့အနီး၌ စနေနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသည့် တပ်ဖွဲ့ဝင်နှင့်ဒဏ်ရာရသည့်တပ်ဖွဲ့ဝင်နှစ်ဦးစလုံး တီကရစ်၌ ဌာနချုပ်ရှိသော အမှတ်(၁)ခြေမြန်တပ်မမှ ဖြစ်သည်ဟုသိရသည်။

လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားရာအနီး၌ လူတစ်ဦးကိုဖမ်းဆီးရမိခဲ့ပြီး အမေရိကန် စစ်ဘက်ဆိုင်ရာ ထိန်းသိမ်းရေးစခန်း၌ စစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်ခုခံရေးသမားများ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ် ကျည်ထိမှန်ခံရသည့် အိမ်တစ်လုံးကို ဇူလိုင် ၂၃ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယာဉ်ပျက်စီး

ဘဂ္ဂဒက် မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယစားစာခံသုံးဦး အမြန်ဆုံးပြန်လွတ်လာရန်မျှော်လင့်

နယူးဒေလီ ဇူလိုင် ၂၅

အီရတ်နိုင်ငံ၌အဖမ်းခံထားရသောအိန္ဒိယစားစာခံသုံးဦး၏ ဆွေမျိုးသားချင်းများက စားစာခံများအစောဆုံးပြန်လွတ်လာရန် မျှော်လင့်လျက်ရှိကြသည်။

၎င်းဆွေမျိုးသားချင်းများသည် အန္ဒိယသမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ အိန္ဒိယဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံပြီးနောက် အစိုးရအဖွဲ့အပေါ်၎င်းတို့ ယုံကြည်မှုရှိကြောင်းဖော်ပြပြောကြားခဲ့ကြသည်။ သက်ဆိုင်ရာကလည်း စားစာခံများလွတ်မြောက်ရေးအတွက် အစစ အရာရာစိတ်ချရအောင် ဆောင်ရွက်ပြီးပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ ဘလက်ခ်ဘင်နာဟု ခေါ်သည့်အဖွဲ့က အိန္ဒိယစားစာခံ သုံးဦးအပါအဝင်စားစာခံခုနစ်ဦးအား ဖမ်းစီးထားပြီး ၎င်းတို့အလုပ်လုပ်ကိုင်သည့်ကူဝိတ် ထရပ်ကားကုမ္ပဏီကို အီရတ်မှရုပ်သိမ်းရန် တောင်းဆိုထားသည်။ **(စီစီတီဗွီ)**

အီရတ်နိုင်ငံအား အိမ်နီးချင်းခြောက်နိုင်ငံအထောက်အကူပေးမည် အိမ်နီးချင်းနိုင်ငံများနှင့် ကဏ္ဍသစ်ဖွင့်လှစ်ရန် အီရတ်ရည်ရွယ်

ဘဂ္ဂဒက် ဇူလိုင် ၂၄

အီရတ်၏အိမ်နီးချင်းခြောက်နိုင်ငံက အီရတ်ကြားဖြတ်အစိုးရအား အထောက်အကူပေးရန် ကိုင်ရိုအစည်းအဝေး၌ ဗုဒ္ဓဟူးနေ့ကပြောခဲ့ကြသော်လည်း ၎င်းတို့နှင့် ထိစပ်နေသော အီရတ်၏နယ်စပ်များအား ၎င်းတို့နှင့်အတူ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အီရတ်တို့က စိုးရိမ်နေဆဲဖြစ်သည်။

ရည်ရွယ်

လွန်ခဲ့သည့်လတွင် အီရတ်ကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရချိန်မှစပြီး အရှေ့အလယ်ပိုင်းသို့ ခရီးထွက်ခဲ့သော အာလာဝီသည် အီရတ်၏အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို ကဏ္ဍသစ်ဖွင့်ရန် ရည်ရွယ်ခဲ့သည်။

စွပ်စွဲ

အီရတ်လူမျိုးအချို့က အာလာဝီ၏ခရီးစဉ်မှ ပေါ်ထွက်လာသော ရလဒ်ကို ချီးကျူးခဲ့ကြပြီး အချို့က အီရန်နှင့် ဆီးရီးယားကဲ့သို့ နိုင်ငံများကို သံသယရှိခဲ့ကြသည်။ ထိုနှစ်နိုင်ငံအား နိုင်ငံခြားရေးဝန်ကြီး ဟိုရှီယာအယ်လ်ဇီဘာရီက နယ်စပ်ဖြတ်ကျော်စိမ့်ဝင်မှုအား ရပ်တန့်အောင် လုံလုံလောက်လောက်မကြိုးပမ်းကြောင်း စွပ်စွဲခဲ့သည်။

တိုက်တွန်း

ကိုင်ရိုဝန်ကြီးအစည်းအဝေးမစတင်မီ ထုတ်ပြန်သော ကြေညာချက်တွင် ဇီဘာရီက အီရတ်နိုင်ငံအား အပြောမဟုတ်ဘဲ အမှန်တကယ်အထောက်အကူပေးရန် အိမ်နီးချင်းနိုင်ငံများကို တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်္ဂါဂြိုဟ် ဥက္ကာခဲအစိတ်အပိုင်း အန္တာတိကဒေသအတွင်း သိပ္ပံပညာရှင်များတွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၂၅

အင်္ဂါဂြိုဟ်မှ ဥက္ကာခဲတစ်ခု၏ အစိတ်အပိုင်းတစ်ခုကို တောင်ဝင်ရိုးစွန်းမှ (၇၅၀) မီတာအကွာရှိ အန္တာတိက ဒေသတွင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယခုတွေ့ရှိခဲ့သော ဥက္ကာခဲသည် နောက်ဆုံး ရှာဖွေတွေ့ရှိခဲ့သည့် ဥက္ကာခဲ ဖြစ်သည်။နှစ်စဉ်နှစ်တိုင်းလိုလို အင်္ဂါဂြိုဟ်မှ ကျောက်တုံးကျောက်ခဲများကို အဖွဲ့တော်တော်များများက ရှာဖွေလျက်ရှိသည်။ယင်းကျောက်တုံးများတွင် အင်္ဂါဂြိုဟ်၌ သက်ရှိများရှိနေခဲ့ကြောင်း သက်သေခံအချက်များဖြစ်သည့် ကျောက်ဖြစ်ရုပ်ကြွင်းများ ပါဝင်နိုင်သော မျှော်လင့်ချက်ဖြင့်သိပ္ပံ ပညာရှင်များကရှာဖွေလျက်ရှိသည်။ ယခုလောလောဆယ်တွင် အင်္ဂါဂြိုဟ်ပေါ် ရောက်ရှိနေသော ဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် နှစ်စင်းဖြစ်သည့် စပရစ်နှင့် အော့ပိကျူနီတီတို့သည် အင်္ဂါဂြိုဟ်၌ ရှေးခေတ်က ရေများ ရှိခဲ့မှုနှင့် သက်ဆိုင်သော သက်သေခံအချက်အလက်များကို ရှာဖွေလျက်ရှိသည်။

(စီအက်ဖ်အိုင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မွန်ပြည်နယ် ပေါင်-သထုံလမ်းပေါ်ရှိ ရင်းငြိမ်တောင်ကျေးရွာ၌ ကျင်းပသော မိုးစပါးကွင်းပြပွဲ အခမ်းအနားတွင် စမ်းသပ်ပြကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှပြသသော နည်းစနစ်များအတိုင်းလုပ်ကိုင် တစ်ဧကစပါးတင်း ၁၀၀ ထွက်ရှိရေး စိုက်စနစ်မှန်ကန်ပြီးအထွက်ကောင်းမျိုးအသုံးပြု

ရန်ကုန် ဇူလိုင် ၂၇

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ မွန်ပြည်နယ် ပေါင်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်းမာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အုန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာယုဝေတို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး Computer Aided Instruction၊ Computer Application and e-mail Electronic Media (Audio System)၊ Video System စာသင်ခန်းများကိုလည်းကောင်း၊ Audio System ခန်း၌ ကျောင်းသားကျောင်းသူများက 'စည်းလုံးခြင်းသည်အင်အား' သရုပ်ဖော်မှုကို အင်္ဂလိပ်ဘာသာစကား ပြောဖြင့်သရုပ်ဖော်ပြသသည်ကိုလည်းကောင်း၊ ပန်းချီအနုပညာ၊ အိမ်တွင်းမှုနှင့် လက်မှုပညာခန်းများ၌ ကျောင်းသားကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်ပြသမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်လာအောင် သင်ကြားပေးရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စွမ်းရည်မြင့်မားသော ကျောင်းသားကျောင်းသူများဖြစ်အောင် လေ့ကျင့်ပညာပေး မွေးထုတ်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အင်ကြင်းရုံခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက အဆို၊ အကများဖြင့် ဖြေဖျော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောင်းအတွက် မာလ်တီမီဒီယာအထောက်အကူပြုပစ္စည်းများနှင့် စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များ၏ ပညာရေးပဒေသာပင်နှင့် ကျောင်းအတွက် ရေစင်နှင့် ရေပိုက်တပ်ဆင်ရန် အလှူငွေ ကျပ် ၄၄၅၀၀၀၀ ကို ဦးဖုန်းမြင့်က ကျောင်းအုပ်ဆရာမကြီးထံ လွှဲအပ်လှူဒါန်းသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

စီမံဆောင်ရွက်လျက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးတစ်ခုလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးနေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း ပြည်နယ်နှင့်တိုင်းအားလုံးတို့၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာ အဆင့်များအားလုံး ကွာဟမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုနည်းတူစွာ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာ စာသင်ခန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဖြည့်ဆည်းပေး

ထိုသို့ ဆောင်ရွက်နေခြင်းမှာ အမျိုးသားပညာရည် မြင့်မားလာစေရန်နှင့် အနာဂတ်၏ မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာများကို ထိတွေ့သင်ယူခွင့် ရရှိကြပြီး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်စေရန် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများသည် မိမိတို့၏ ရင်သွေးများအား နိုင်ငံတော်က လိုလားသော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ပေါင်-သထုံ ပြည်ထောင်စု ကားလမ်းပေါ်ရှိ ရင်းငြိမ်တောင်ကျေးရွာ၌ ကျင်းပသော မိုးစပါးကွင်းပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါးကွင်းပြပွဲ အခမ်းအနား၌ ပြသထားသော ပြည်တွင်းဖြစ် လယ်ယာသုံးစက်ကိရိယာများ၊ ပြည်တွင်းမှ ထုတ်လုပ်သော ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြည်တွင်းဖြစ် စိုက်ပျိုးရေးသုံးပစ္စည်းများကို ကျယ်ပြန့်စွာအသုံးပြုရေး ဆော်ဩရန် အကြံပြုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါးကွင်းပြပွဲ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဒေသခံ တောင်သူလယ်သမားများအား စိုက်ပျိုးနည်းစနစ် ပြသမှုများဖြစ်သော တိုက်ရိုက်အစေ့ချစိုက်ခြင်းပြကွက်၊ အထွက်ကောင်းမျိုး ယှဉ်ပြိုင်မှုပြကွက်၊ ဒေသမျိုး (ရာသီစပါး) ယှဉ်ပြိုင်စမ်းသပ်မှုပြကွက်၊ ခေတ်သစ်ပျိုးထောင်စနစ်(SRI) စံပြပြကွက်၊ အရွက်အရောင်တိုင်းကတ် (LCC) အသုံးပြုစံပြပြကွက်၊ မြေတွင်းအာဟာရလိုအပ်ချက်စမ်းသပ်ပြကွက်၊ အနည်းလိုအာဟာရများ လိုအပ်မှု စမ်းသပ်ကွက်ပြကွက်နှင့် အီးအမ်ဘိုကာရှီ အမျိုးမျိုး စမ်းသပ်ကွက် ပြကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မွန်ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် စပါးခင်းများအတွင်းသို့ ငါးမျိုးများထည့်ပေးကြသည်။ စပါးစိုက်တောင်သူလယ်သမားများ စပါးနှင့် ငါးတို့ကို တစ်ချိန်တည်း စိုက်ပျိုးမွေးမြူနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးတစ်ဧကလျှင် ငါးကောင်ရေ၅၀၀နှုန်း စိုက်ထည့်ပေးကြောင်းသိရသည်။

လိုက်နာကျင့်သုံး

ထို့နောက် မိုးစပါးကွင်းပြပွဲ ယာယီမဏ္ဍပ်၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသသော စိုက်ပျိုးရေး နည်းစနစ်များအတိုင်း လုပ်ကိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ ပန်းတိုင်အထွက်နှုန်းဖြစ်သည့်တစ်ဧက စပါးတင်း ၁၀၀ ထွက်ရှိရေးအတွက် စိုက်စနစ်မှန်ကန်ပြီး အထွက်ကောင်းမျိုးများ အသုံးပြုခြင်း၊ လိုအပ်သော ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာတို့ကို စနစ်တကျသုံးစွဲခြင်းတို့သည် အဓိကကျသဖြင့် တောင်သူလယ်သမားများ လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း။

လျာထားချက်

မွန်ပြည်နယ်သည် မိုးစပါးနှင့် နွေစပါးဧက ၁၀ သိန်းစိုက်ပျိုးရန် လျာထားခဲ့ရာ မိုးစပါး ၈၃ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်ဟု သိရကြောင်း၊ ထို့ကြောင့် လျာထားချက်အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် နေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၌ ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိသည်။

ဇူလိုင် ၂၈ ရက်ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပယ်လယ်ပြင်တွင် မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာနမိသားစု ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းမိသားစုက ဆွမ်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဒေါ်ခင်မာအေးတို့က နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍သံဃာတော်များအတွက် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ်နှစ်သိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပေးအပ်လှူဒါန်းသည်။

ဆွမ်းဆက်ကပ်

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၂၆-၇-၂၀၀၆

မော်လမြိုင်မြို့	**၃ ဒသမ ၈၂ လက်မ**
ရေးမြို့	**၃ ဒသမ ၁၁ လက်မ**
ထားဝယ်မြို့	**၂ ဒသမ ၃၆ လက်မ**
မြိတ်မြို့	**၂ ဒသမ ၃၂ လက်မ**

ရောဝတီတိုင်း ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီတိုင်း ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ မြို့နယ်အသင်းများ စုပေါင်းဆောင်ရွက်သော ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဧရာဝတီတိုင်း ဓမ္မာရုံတွင်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကိုးပါး ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်၊ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း ဓမ္မာရုံအကျိုးတော်ဆောင်များဖြစ်ကြသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်မြဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် ဖိတ်ကြား ထားသူများ၊ မြို့နယ်အသင်းများမှ စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ တိုင်းမှူး၏ဇနီး၊ ဝန်ကြီးနှင့် ဇနီး၊ တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အဆင့်မြင့်တန်း ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးနောက် အားကစားသမား ၃၆ဦးမှ ၂၅ဦးသို့ လျှော့ချပြီး လေ့ကျင့်မှုများကို အပြင်းအထန် ပြုလုပ်လျက်ရှိသည်။

စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)။ (မြန်မာ့အလင်း)

ပဏာမလက်ရွေးစင်

အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသော ပဏာမလက်ရွေးစင်ဘောလုံးအသင်းတွင်**(ဂိုး)**အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊**(နောက်တန်း)** မင်းသူ(စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ ဇော်လင်းထွန်း-၂(စီးပွား/ကူးသန်း)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ **(အလယ်တန်း)** အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ စန်းမောင်(ကာကွယ်ရေး)၊ မာလ (စီးပွား/ကူးသန်း)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ မောင်မောင်အောင်(ကာကွယ်ရေး)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊**(ရှေ့တန်း)**ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး(ကမ္ဘောဇ)၊ နိုင်ဝင်း(စွမ်းအင်)နှင့် ထွန်းမင်းနိုင်(ကာကွယ်ရေး)တို့ပါဝင်ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တွေ့ဆုံမေးမြန်း

အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာ ခြေစမ်းပွဲအကြို ပြင်ဆင် လေ့ကျင့်မှုများနှင့် ပတ်သက်၍ သိရှိနိုင်ရန် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်းသို့ သွားရောက်၍ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ နည်းပြချုပ်ဦးတင်ဟန်အား မေးမြန်းရာတွင် “မိမိအနေဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများနှင့် ပတ်သက်၍ အတော်များများပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ခြေစမ်းပွဲများတွင် မိမိတို့အသင်း ကစားပုံကို မြင်တွေ့ခဲ့ကြပြီးဖြစ်၍ အထူးတလည်ပြောစရာ မရှိကြောင်း၊ ဘောလုံးသမားများကိုသာ စိတ်ဓာတ်မြင့်မားရေးအတွက် မေးမြန်းနိုင်ပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဦးခင်မောင်ကြိုင်

ပဏာမမြန်မာ့လက်ရွေးစင်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား ဆက်သွယ်မေးမြန်းရာတွင် “မိမိတို့အသင်းအနေဖြင့် ပုံမှန်လေ့ကျင့်လျက်ရှိကြောင်း၊ အသင်းတွင် ထိခိုက်ဒဏ်ရာရသူများရှိနေကြောင်း၊ နောက်တန်း၌ ဇော်လင်းထွန်းနှင့် ဇော်ထက်အောင်တို့ ဒဏ်ရာရရှိထားကြောင်း၊ ၎င်းတို့နှစ်ဦး မကစားနိုင်လျှင် မည်သူ့ကို လူစားထိုးမည်နှင့် ပတ်သက်၍ အစည်းအဝေးခေါ်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိထားသူများ အချိန်မီမကောင်းလျှင် မည်သို့လုပ်မည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်း၏ အုပ်ချုပ်သူအဖြစ် တာဝန်ယူနေရသကဲ့သို့အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များထမ်းဆောင်နေပါကြောင်း၊ လာမည့် နိုင်ငံတကာ ခြေစမ်းပွဲသည် လူရွေးပွဲသဘောမျိုး ဖြစ်နိုင်ကြောင်း၊ အနိုင်အရှုံးထက် ကြံ့ခိုင်မှုကိုစမ်းသပ်ရမည်ဖြစ်ကြောင်း၊ အယ်လ်ဂျီဖလားပွဲ၌ ဂရိအသင်း၊ မီဝေါလ်အသင်းများကဲ့သို့ မိမိတို့ထက် အားသာသည့် အသင်းများကို မည်သို့ ကစားမည်ဆိုသည့်အချက်ကို စမ်းသပ်ရမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

မင်းသူ(စီးပွား/ကူးသန်း)။ (မြန်မာ့အလင်း)

ရန်ပိုင်

တိုက်စစ်မှူး ရန်ပိုင်(ဘဏ္ဍာ/အခွန်) အားမေးမြန်းရာတွင် “မိမိတို့အနေဖြင့် ကလပ်အသင်းပြိုင်ပွဲများပြီးဆုံးသွား၍ လေ့ကျင့်မှုအပိုင်းကို ယခင်ထက် ပိုမို၍ ပြင်းပြင်းထန်ထန်လေ့ကျင့်နိုင်ပြီဖြစ်ကြောင်း၊ ရှေ့တန်း၌ မည်သူနှင့် တွဲကစားရမည်ဟု ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ အမျိုးမျိုးစမ်းသပ်လေ့ကျင့်နေကြောင်း၊ မိမိအနေဖြင့် ထိခိုက်ဒဏ်ရရှိမှု မရှိဘဲ ကြံ့ခိုင်မှုလည်း ကောင်းမွန်ကြောင်း၊ စိတ်ဓာတ်ရေးရာအရလည်း မြင့်မားလျက်ရှိပါကြောင်း၊ မိမိအနေဖြင့် နောက်ချန်တိုက်စစ်မှူးအဖြစ် အများဆုံးကစားရကြောင်း၊ ရှေ့၌ တစ်ယောက်ကို တင်ကစားသည့် ပုံစံဖြစ်၍ မိမိက နောက်မှ ရံကစားပေးရကြောင်း၊ မိမိတို့အသင်းကို ဂိုးသွင်းစွမ်းရည် အားနည်းမှုရှိသည်ဟု သုံးသပ်ကြကြောင်း၊ သို့ဖြစ်၍ အပြီးသတ်ပိုင်း ကောင်းမွန်မှုရှိရေးအတွက် ရှေ့တန်းလူများ တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိရှိ ကစားနိုင်အောင် လေ့ကျင့်လျက်ရှိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

အောင်ဇော်မျိုး

နောက်တန်းဘယ်အစွန်လူ အောင်ဇော်မျိုး(မြို့တော်စည်ပင်)ကလည်း “မိမိအနေဖြင့် ခြေစမ်းပွဲများ၌ တိုက်စစ်နှင့်အတူလိုက်ပါပြီး ဂိုးသွင်းနိုင်ခြင်းမှာ နည်းပြဆရာများ၏ သင်ကြားမှုကိုလိုက်နာခဲ့၍ဖြစ်ကြောင်း၊ နည်းပြဆရာများက တောင်ပံတိုက်စစ်နှင့်အတူ လိုက်ပါကစားနိုင်အောင် သင်ကြားပေးထားကြောင်း၊ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများ၌ ရှေ့တန်းတွင်ကစားခဲ့သော်လည်း ယခု နောက်တန်း၌ အံဝင်ခွင်ကျ ကစားနိုင်ကြောင်း၊ ယခင်က အလယ်တန်းဘယ်အစွန်၌ ကစားခဲ့၍ နောက်တန်းဘယ်အစွန်၌ ကစားရသည့်အခါ အခက်အခဲမရှိကြောင်း၊ အနောက်ဘင်္ဂါလီအသင်း၊ ခြင်္သေ့မြို့တော်အသင်းများနှင့် ခြေစမ်းကစားသည့်အခါ အနိုင်ရမည်ဟု ထင်ကြောင်း၊ အယ်လ်ဂျီဖလားပွဲ၌ အိမ်ရှင် ဗီယက်နမ်၊ အိန္ဒိယတို့နှင့်ကစားရမည်ဖြစ်၍ အုပ်စုကျပ်ကြောင်း၊ သို့သော်အုပ်စုတက်မည်ဟု ထင်ကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

အောင်အောင်ဦး

ပဏာမမြန်မာ့လက်ရွေးစင် ဂိုးသမား အောင်အောင်ဦးကလည်း ထိခိုက်ဒဏ်ရာ ပျောက်ကင်းလာမှုနှင့်ပတ်သက်၍ “အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း ယခုအခါ ဒဏ်ရာပျောက်ကင်း၍ လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်ကြောင်း၊ ပြိုင်ပွဲ၌ကြုံတွေ့ရမည့် အခြေအနေအပေါ်မူတည်၍ ပြင်ဆင်လေ့ကျင့်ထားကြောင်း၊ အခြေခံပိုင်းကျေညက်ပြီးဖြစ်၍ ပြန်နွေးသည့်သဘောသာဖြစ်ကြောင်း၊ အနောက်ဘင်္ဂါလီအသင်းနှင့် ယခင်က မကစားဘူးကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြိုင်ဘက်များကို လျှော့တွက်၍မရဘဲ အကောင်းဆုံးကစားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှ ကစားသမားများ တွဲကစားလာသည်မှာ ကြာပြီဖြစ်ကြောင်း၊ ယူ-၁၈မှ လူငယ်များကလည်း လူကြီးများနှင့်တန်းတူ ကစားနိုင်ကြပြီး စိတ်ဓာတ်ရေးရာအရ အထူး မြင့်မားနေကြောင်း၊ ယခင် တိုက်ဂါးဖလားပွဲများ၌ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်း မရှိ၍ လာမည့် တိုက်ဂါးဖလားပွဲ၌ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေး ရည်မှန်းချက်ထားလျက်ရှိကြောင်း၊ အယ်လ်ဂျီဖလားပွဲမှ အတွေ့အကြုံကောင်းများ ရရှိနိုင်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)။ (မြန်မာ့အလင်း)

ဘိုဘိုအောင်

အလယ်တန်းလူ ဘိုဘိုအောင်(စီးပွား/ကူးသန်း)ကလည်း “နည်းပြဆရာများက မိမိတို့ကို နေရာစုံကစားတတ်အောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကြံ့ခိုင်မှုအပိုင်း အထူးကောင်းမွန်ကြောင်း၊ စိတ်ဓာတ်ရေးရာအပိုင်း မြင့်မားလျက်ရှိပါကြောင်း၊ ခြေစမ်းပွဲများ၌ ဂိုးသွင်းနိုင်ခြင်းမှာ ကစားဖော်များ၏ ပံ့ပိုးမှုကောင်းသောကြောင့် ဖြစ်ကြောင်း၊ ဂိုးသွင်းခွင့် ကြုံလျှင် ဂိုးသွင်းမည်ဖြစ်ကြောင်း၊ မည်သူသွင်းသွင်း ဂိုးရရှိရေးသာ အဓိကဖြစ်ကြောင်း၊ လာမည့် ခြေစမ်းပွဲများ၌လည်း အကောင်းဆုံး ကစားနိုင်ရန် အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း” ပြောကြားသည်။

မင်းသူ

ဝါရင့်၊ သမ္ဘာရင့် နောက်တန်းလူတစ်ဦးဖြစ်သည့် မင်းသူ(စီးပွား/ကူးသန်း)ကို မေးမြန်းရာတွင်“လောလောဆယ်၌ ခြေထောက်အနည်းငယ် နာကျင်မှုရှိကြောင်း၊ ယနေ့တစ်ရက်အနားယူပြီး မနက်ဖြန်၌ လေ့ကျင့်ခန်းဆင်းနိုင်မှာဖြစ်ကြောင်း၊ ကြံ့ခိုင်မှုအနေဖြင့် အကောင်းဆုံးအနေအထားရှိကြောင်း၊ လက်ရှိအသင်း၌ လူကြီး၊ လူငယ်ပေါင်းစပ်ထားကြောင်း၊ ယခင်က အင်္ဂလန်နည်းပြ ဒေးဗစ်ဘုသ်ရှိစဉ်က ၃-၅-၂ ပုံစံဖြင့် ကစားခဲ့ကြောင်း၊ ယခုအခါ နည်းပြဆရာများက ပုံစံအသေမထားဘဲ လွတ်လွတ်လပ်လပ် ကစားခွင့်ပေးထားကြောင်း၊ မိမိတို့၏ လေ့ကျင့်ထားမှု အနေအထားကို လာမည့် ခြေစမ်းပွဲ၌ အကောင်းဆုံးထုတ်ပြပြီး ပရိသတ်ကျေနပ်အောင် ကစားပြမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မာန်မာနမထားဘဲ လူငယ်များကို လက်တွဲခေါ်ပြီး တက်ညီလက်ညီ ကစားမည်ဖြစ်ကြောင်း၊ တိုက်ဂါးဖလားပွဲ၌ ထိုင်းကို အဓိကပစ်မှတ်ထားပြီး ကစားရမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

စိုးမြတ်မင်း

အသင်းခေါင်းဆောင် စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား မေးမြန်းရာတွင် “ဩဂုတ်လဆန်းပိုင်း၌ မိမိတို့ နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲကစားမည်ဖြစ်ကြောင်း၊ အနောက်ဘင်္ဂါအသင်းနှင့် ယခင်က မကစားခဲ့ဘူးကြောင်း၊ မိမိတို့အနေဖြင့် ခြေစမ်းပွဲ၌ အနိုင်ကစားရန် ပြင်ဆင်ထားကြောင်း၊ ယခင်က မိမိနောက်တန်း၌ ကစားခဲ့သော်လည်း ယခု အလယ်တန်း၌ ကစားနေရကြောင်း၊ အလယ်တန်း၌ကစားရသော်လည်း အဓိကတာဝန်မှာ နောက်တန်းလုံခြုံရေးဖြစ်၍ အလယ်တန်းခံစစ်တာဝန်ယူထားရကြောင်း၊ ဘောလုံးရမှသာ ရှေ့တန်းတိုက်စစ်ကို လိုက်ပါကစားခဲ့ကြောင်း၊ Set-Play များမှတစ်ဆင့် မိမိခေါင်းတိုက်ဂိုးများသွင်းယူနိုင်ခဲ့သည်မှာ နည်းပြဆရာများက ထရိန်နင်၌ ကြိုတင်လေ့ကျင့်သင်ကြားပေးခဲ့၍ ဖြစ်ကြောင်း၊ တိုက်ဂါးဖလားပွဲ၌ မိမိတို့အုပ်စုအနေအထား ကောင်းကြောင်း၊ မည်သည့်အုပ်စု၌ပါဝင်သည်ဖြစ်စေ ထူးခြားမှုမရှိကြောင်း၊ မိမိတို့ အကောင်းဆုံးကစားနိုင်ရေးသာ အဓိကကျကြောင်း”ပြောကြားသည်။

ရန်ပိုင်(ဘဏ္ဍာ/အခွန်)။ (မြန်မာ့အလင်း)

ဇော်ထက်အောင်

နောက်တန်းလူ ဇော်ထက်အောင်(စွမ်းအင်)ကလည်း ဒဏ်ရာရရှိထားမှုနှင့်ပတ်သက်၍ “ပြီးခဲ့သည့် ညွန့်ပေါင်းနှင့် ခြေစမ်းပွဲ၌ ခြေမျက်စိဒဏ်ရာရရှိခဲ့ကြောင်း၊ လာမည့်နိုင်ငံတကာခြေစမ်းပွဲတွင် ပထမပွဲ၌ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း၊ ဒုတိယပွဲလောက်မှသာ ကစားနိုင်မည်ထင်ကြောင်း၊ အပေါ့စားလေ့ကျင့်မှုများသာပြုလုပ်နေကြောင်း၊ အာရုံစူးစိုက်မှုနှင့် လက်ရွေးစင်ဖြစ်ရမည်ဆိုသည့်စိတ်ဓာတ်ဖြင့် ကြိုးစားခဲ့၍ လက်ရွေးစင်အသင်း၌ ပါဝင်ခွင့်ရသည်ဟု ထင်ကြောင်း၊ စွမ်းအင်အသင်း၌ကစားရသည့်အခါ မိမိအပေါ်ကို အဓိကအားထားကစားကြကြောင်း၊ လက်ရွေးစင်အသင်း၌ အတွေ့အကြုံများသူများနှင့်တွဲကစားရကြောင်း၊ နှစ်သင်းစလုံး၌ ကစားရတာ ကောင်းကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

စန်းမောင်

အလယ်တန်းလူ စန်းမောင်(ကာကွယ်ရေး)ကလည်း“ မိမိအနေဖြင့် နေရာမရွေးဘဲ ကစားနိုင်ကြောင်း၊ သို့သော် အဓိကအားသန်သည်မှာ အလယ်တန်း ဘယ်အစွန် နေရာဖြစ်ကြောင်း၊ နည်းပြဆရာများက အလယ်တန်း၌ နေရာစုံ ကစားနိုင်အောင် သင်ကြားပေးကြောင်း၊ ယခင်ကထက်စာလျှင် ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ရေးရာပိုင်း တိုးတက်မှုရှိလာကြောင်း၊ ယခု လေ့ကျင့်ထားမှု အနေအထားအရ လာမည့်ခြေစမ်းပွဲ၌ အကောင်းဆုံး ကစားနိုင်မည်ဟု ထင်ကြောင်း၊ တိုက်ဂါးဖလားပွဲ၌ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် အထူးမျှော်လင့် ကြိုးစားလျက်ရှိကြောင်း” ပြောကြားသည်။

အောင်ကျော်မိုး

အလယ်တန်းလူ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)အား လေ့ကျင့်မှုနှင့်ပတ်သက်၍ မေးမြန်းရာ “အဆင့်မြင့်တန်း ကွင်းပိတ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း ယခုအခါ သက်သာပျောက်ကင်းသွားပြီဖြစ်ကြောင်း၊ အလယ်တန်း ညာအစွန်၌ ကစားခဲ့သော်လည်း ယခုအခါ ဘယ်အစွန်ကိုလည်း လိုက်ကစားပေးရကြောင်း၊ ယခုအသင်း၏ ကစားဟန်မှာ အကုန်ဆင်း၊ အကုန်တက် ကစားရကြောင်း၊ တစ်နေရာတည်းပုံသေမကစားရကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းနှင့် လက်ရွေးစင်အသင်းတို့အနက် လက်ရွေးစင်အသင်း၌ ကစားရသည်မှာ ပို၍ ကစားအားကောင်းသလိုဖြစ်သော်လည်း ဘဏ္ဍာ/အခွန်အသင်း၌လည်း လက်ရွေးစင်အသင်း၌ကစားသလိုကစားခဲ့ကြောင်း၊ ကစားကွက်ပုံစံချင်း အနည်းငယ်ကွာခြားကြောင်း၊ မြန်မာအသင်း ပါဝင်သည့် တိုက်ဂါးဖလားပွဲ အုပ်စုအနေအထားကောင်းကြောင်း၊ အယ်လ်ဂျီဖလားပွဲ၌လည်း တစ်ဖက်အုပ်စုထက်စာလျှင်ကျပ်ကြောင်း၊ သို့သော် အုပ်စုမှတက်လျှင် ဗိုလ်လုပွဲအထိ ရောက်သွားနိုင်ကြောင်း၊ အနောက် ဘင်္ဂါလီအသင်း၌ ကြေးစားနှစ်ဦးခန့်ပါမည်ဟုသာ သိရှိထားကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

နိုင်ငံတကာခြေစမ်းပွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လ ပထမပတ်အတွင်း နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ ငါးပွဲကျင်းပရန် စီစဉ်ထားရာ ဩဂုတ် ၃ ရက်တွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အနောက်ဘင်္ဂါလီအသင်း၊ ဩဂုတ် ၅ ရက်တွင် အဖွဲ့ချုပ် လူငယ်ညွန့်ပေါင်းအသင်းနှင့် အနောက်ဘင်္ဂါလီအသင်း၊ ဩဂုတ် ၇ ရက်တွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အနောက်ဘင်္ဂါလီအသင်း၊ ဩဂုတ် ၉ ရက်တွင် အဖွဲ့ချုပ်လူငယ်ညွန့်ပေါင်းအသင်းနှင့် ခြင်္သေ့မြို့တော်အသင်း၊ ဩဂုတ် ၁၁ ရက်တွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ခြင်္သေ့မြို့တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အနောက်ဘင်္ဂါလီအသင်းသည် အိန္ဒိယနိုင်ငံမှ ကလပ်အသင်းဖြစ်ပြီး ခြင်္သေ့မြို့တော်အသင်းသည် စင်ကာပူနိုင်ငံမှ လူငယ်အသင်းဖြစ်ကြောင်း ဘောလုံးဝါသနာရှင်များအတွက် သတင်းစကားပါးအပ်ပါသည်။ ။

(မြန်မာ့အလင်း)

မိမိပြည်နယ်ဒေသဝမ်းစာဖူလုံပိုလျှံမှုအပေါ်ကျေနပ်တင်းတိမ်မနေဘဲ ပိုလျှံသည်ထက်ပိုလျှံအောင်ကြိုးပမ်း စစ်မှန်သောစည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေး အမျိုးသားညီလာခံကြီးကျင်းပဆောင်ရွက်နေ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာကဏ္ဍကညီညီညွတ်ညွတ်ဝိုင်းဝန်းဆောင်ရွက်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်း အဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇူလိုင် ၂၆ ရက် နံနက် ၈နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းတပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့်မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြစ်ကြီးနားတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုအခါ နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းနေချိန်ဖြစ်ရာ ပြည်သူများမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သားများ၊ မိသားစုဝင်များသည် နိုင်ငံတော် တည်ဆောက်ရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်လက်တွဲကာ တက်ညီလက်ညီ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပုံတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ တပ်တွင်းသက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း မိသားစုငွေ တိုးပွားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ ကြက်၊ ဝက်၊ ဆိတ်၊ နွား မွေးမြူရေးလုပ်ငန်းကိုပါ တစ်နိုင်တစ်ပိုင် ဆောင်ရွက်သွားကြရန် လိုအပ်ပုံတို့နှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်သား မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင် များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ မျိုးစပါးလိုအပ်မှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှု၊ သီးနှံစိုက်ပျိုးဧက တိုးတက်လာမှု၊ စိုက်ပျိုးရေ ရရှိမှု၊ ဒေသဆန်ဖူလုံမှု၊ ပြည်နယ်၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိနှင့် အတူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာန ဆိုင်ရာအကြီးအကဲများလိုက်ပါပြီး ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်များတွင် မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ် မှုများကို ကြည့်ရှုစစ်ဆေး ကာ ဒေသခံ ပြည်သူများအား အားပေးကူညီ ထောက်ပံ့ခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း။

ဆုံးရှုံးမှုနည်းပါး

မြစ်နား၊ ချောင်းနားအနီးတွင် တည်ရှိကြသည့် ဒေသများတွင် ယခုကဲ့သို့ မိုးများသည့် အချိန်အခါ များ၌ ရေကြီးနစ်မြုပ်ခြင်းများ ခံစား ကြရလေ့ရှိကြောင်း၊ ထိုသို့တွေ့ကြုံ ခံစားရခြင်းမှာလည်း အခိုက်အတန့် သာဖြစ်ကြောင်း၊ ယခုမြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ဒေသများ ရေကြီးနစ် မြုပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်း အဖွဲ့အစည်းအသီးသီး တို့က တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လွန်စွာနည်းပါး သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယခုအခါ ရေများကျဆင်းနေပြီဖြစ်သဖြင့် မိမိတို့၏ အဓိကစီးပွားရေး လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖိဖိစီးစီး ပြန်လည်လုပ်ကိုင်ကြရန် တိုက်တွန်းအားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပိုလျှံအောင်ကြိုးပမ်းဆောင်ရွက်

ကချင်ပြည်နယ်၏ အကျယ်အဝန်းမှာ ဧရိယာဧက ၂၂ သန်းကျော်ရှိပြီး မြန်မာနိုင်ငံတွင် တတိယအကျယ်အဝန်းဆုံး ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း နေထိုင်ကြသူဦးရေမှာ ၁၃ သိန်းကျော်သာရှိသဖြင့် မြေအကျယ် အဝန်းနှင့် နေထိုင်သူဦးရေအချိုးကို တွက်ကြည့်ပါက စိုက်ပျိုးရေးလုပ်ကိုင်ရန် မြေများစွာပိုလျှံနေ သေးသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအနေအထားကို ကြည့်ပါက ကချင်ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုမှာ ၁၁၃ ရာခိုင်နှုန်းရှိပြီး ဒေသဝမ်းစာဖူလုံ ပိုလျှံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ မိမိတို့ပြည်နယ်၏ ဒေသဝမ်းစာ ဖူလုံပိုလျှံမှုအပေါ် ကျေနပ်တင်းတိမ်မနေကြဘဲ ပိုလျှံသည်ထက် ပိုလျှံအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကချင်ပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေများများစွာကျန်ရှိ နေသေးသဖြင့် စပါးဧကချောက်သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် တာဝန်ပေး ထားပြီးဖြစ်ရာ တာဝန်ပေးအပ်ထားသည့် ဧကချောက်သိန်းတိုးချဲ့ စိုက်ပျိုး နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဖိဖိစီးစီးဆောင်ရွက်သွားကြရန် လိုကြောင်း။

ကချင်ပြည်နယ်သည် စိုက်ပျိုးရေး လုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်း များ လုပ်ကိုင်နိုင်သည့် သဘာဝကပေးထားသော ကုန်ထုတ်အရင်း အမြစ်များ များစွာရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပြင် သဘာဝကပေးထား သော ကုန်ထုတ်အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုပြီး ပြည်နယ်ကြီး တစ်ခုလုံး စီးပွားရေး သိသိသာသာဖြစ်ထွန်းတိုးတက်လာ စေရန် ကြိုးပမ်းဆောင် ရွက်သွားကြရန်လိုကြောင်း။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားများဖြစ်ကြသည့် ဗမာ၊ ဂျိန်းဖော၊ ရှမ်း၊ ရဝမ်၊ မရူ၊ လရှီး စသည်တို့သည် ရှေးပဝေသဏီကပင် အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သဖြင့် လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စု ကလေးသဖွယ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ပြည်နယ်အတွင်း စုပေါင်း နေထိုင်ကြ သည့် တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကချင် ပြည်နယ်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးကြိုးပမ်းဆောင်ရွက်သွားကြ ရန်လိုအပ်ကြောင်း။

ထို့အတူ ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုတို့ဖြင့် ဖွဲ့စည်းဖြစ်တည်ပြီး ရှိနေသော ပြည်ထောင်စုကြီးကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စုစည်းညီညာစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုအပ်ကြောင်း။

အထူးအလေးထားဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ် မကျန် တစ်ပြိုင်တည်းဖွံ့ဖြိုး တိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ဆောင် ရွက်လျက် ရှိကြောင်း၊ ကျေးလက်ဒေသများသည် နိုင်ငံ၏လူဦးရေ အများစုနေထိုင်ရာ ဒေသများဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊

★ *ကျောဖုံးမှ*

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအား ဖူးမြော် ကြည်ညိုပြီး ကျန်းမာရေး အခြေအနေကို မေးမြန်း လျှောက်ထားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝန်းသို ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဒုတိယဝန်ကြီးများသည် ကချင်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော်သံဃာတော်တို့အား သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗလမင်းထင်တံတား

ယင်းမှတစ်ဆင့်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့ကို ဧရာဝတီမြစ်အားဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားသည့် ဗလမင်းထင်တံတားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဗလမင်းထင်တံတားကြီး၏ မြစ်ကြီးနားမြို့နယ်ဘက်ကမ်းမှ ဝိုင်းမော်မြို့နယ်ဘက်ကမ်းထိ ဗလမင်းထင်တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြိုတင်စီမံဆောင်ရွက်

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗလမင်းထင်တံတားကြီးပေါ်မှ ဧရာဝတီမြစ်၏ရေစီးရေလာအခြေအနေ၊ တံတားကြီး၏ကြံ့ခိုင်မှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး တံတားကြီး ရေရှည်တည်တံ့ကြံ့ခိုင်ရေး၊ တံတားကြီးအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးအစီအမံများ ကြိုတင်စီမံဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များသို့ မော်တော်ယာဉ်များဖြင့်သွားရောက်ပြီး တပ်ရင်းတပ်ဖွဲ့များရှိ အိမ်ထောင်သည်လိုင်းများ၊ စိုက်ခင်းများ၊ တပ်တွင်းသက်သာဆိုင်နှင့် တပ်တွင်းကုန်စုံဆိုင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်တွင်းသက်သာဆိုင်နှင့် တပ်တွင်းကုန်မျိုးစုံဆိုင်တို့တွင် အများသုံးစားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိရေး၊ ဈေးနှုန်းသက်သာချိုသာစွာ ဖြန့်ဖြူးရောင်းချပေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် မြစ်ကြီးနားမြို့ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များအားရှင်းလင်းခန်းမ၌ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)တပ်မှူးဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းက အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)၏ ဖွဲ့စည်းပုံ၊ ဆေးရုံအဆောက်အအုံများအကွက်ချပုံစံ၊ နှစ်အလိုက် ပြင်ပလူနာနှင့် အတွင်းလူနာများအား ဆေးဝါးကုသပေးမှု၊ ယခုလက်ရှိ ဆေးဝါးကုသပေးနေရသည့် ပြင်ပလူနာနှင့် အတွင်းလူနာအခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အနာဂတ်ခိုင်မာရေး၊ ပြည်ထောင်စုကြီးအစွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သောစည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးတို့အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အမျိုးသားညီလာခံကြီးကျင်းပဆောင်ရွက်နေပြီဖြစ်ရာ ယင်းမူဝါဒလမ်းစဉ် (၇) ရပ်တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဆေးဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာ မူဝါဒဖြစ်သော နိုင်ငံသားတိုင်း ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် မိမိတို့ တတ်သိထားသည့် ဆေးပညာများဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်၊ အဓိကတာဝန်ရှိသည့် စစ်သည်နှင့် မိသားစုများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ပေးခြင်း၊ ရောဂါဖြစ်ပွားလာပါကလည်း စေတနာထားပြီး ကုသပေးခြင်းတို့ကိုဆောင်ရွက်ရေး၊ တိုးတက်ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့ဆေးပညာဘာသာရပ်များကို သိရှိနားလည်အောင် ဆည်းပူးလေ့လာပြီး လူနာများအား ပြုစုကုသပေးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက်အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)ဆေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို တပ်မှူးဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းထံ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်၃၀၀)ရှိ အမျိုးသားလူနာဆေးကုသဆောင်၊ သွားဆေးကုဌာန၊ အရိုးနှင့် ခွဲစိတ်လူနာဆောင်၊ အမျိုးသမီးနှင့် ကလေးဆေးကုသဆောင်တို့တွင် ဆေးဝါးကုသခံလူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်၃၀၀)မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်၏ အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့အနာဂတ် ကောင်းမွန်စေရေး၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုး တိုးတက်ရေးနှင့်အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ထာဝရ ရပ်တည်နိုင်ရေးတို့အတွက် ရေရှည်အကျိုးကို မျှော်မှန်းပြီး နိုင်ငံတော်ကို တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်လျက်ရှိရာ တွင် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် နိုင်ငံတော် ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးပြီး အမျိုးသားညီလာခံကြီး ကျင်းပ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ယင်းကဲ့သို့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပလျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အမျိုးမျိုးဖြင့် အနှောင့်အယှက် အဟန့်အတားများ ပြုလုပ်လျက်ရှိကြောင်း၊ မည်သို့ပင်ရှိနေစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ အင်အား သည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့်အချက်ကို သိရှိယုံကြည်ထားပြီး ဖြစ်သဖြင့် ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အင်အားများကို ရယူကာ ယခုကဲ့သို့ နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ကို ချမှတ်ပြီး အမျိုးသားညီလာခံကြီး ကို ကျင်းပဆောင်ရွက်နေခြင်းဖြစ် ကြောင်း၊ အသိပညာရှင်၊ အတတ် ပညာရှင်များ၊ စီးပွားရေး လုပ်ငန်း ရှင်များ၊ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံတော်၏ အစွန်အဖျား နယ်စပ် ဒေသရှိ တိုင်းရင်းသားများ အပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများက နားလည် သဘောပေါက်ပြီး နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြစ်ကြီးနားပြည်သူ့ဆေးရုံ

ယင်းမှတစ်ဆင့် အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ မြစ်ကြီးနား ဆေးရုံ အုပ်ကြီးဒေါက်တာရင်ငြိမ်းနှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန် ဆရာမ များ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စေတနာထားပြုစုကုသ

ယင်းနောက် အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ရှိသူ များအား ဆေးရုံကြီး၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုများပေးခြင်း၊ ရောဂါဖြစ်ပွားပါကလည်း လူနာများအား စေတနာထားပြုစုကုသပေးခြင်းတို့ကို ဆောင်ရွက်ရန်မှာကြားပြီး ရင်းရင်း နှီးနှီးနှုတ်ဆက်ကာ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ ပြန်လည် ထွက် ခွာသွားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	စလင်းရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Learning English The Easy and Happy Way for Children and Biginners
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Pratice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၁၇း၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇း၂၅	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၃၅	၈။	ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား (ဒေးဒရဲ)
၁၇း၄၅	၉။	သီချင်းကြီးပဒေသာ
၁၇း၅၅	၁၀။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၈း၀၀	၁၁။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၀	၁၂။	Discovery
၁၈း၁၅	၁၃။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၃၀	၁၄။	ညနေခင်းသတင်း
၁၉း၀၀	၁၅။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၆။	မြန်မာစာ မြန်မာစကား
၁၉း၂၀	၁၇။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၈။	သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း–၁)
၁၉း၄၅	၁၉။	သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ (မင်းကွတ်)
၂၀း၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **"ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး"** (တတိယဆု) (မန္တလေးတိုင်း) (ပထမပိုင်း)

ဖြူးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၇

ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၁ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ ယုဇနအိမ်ရာ အပိုင်း(၁) ကမာရွတ် ဘူတာအနီးရှိ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနာ့ဓမ္မာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအမှူးရှိသော ပင့်သံဃာတော်၃၅ပါးတို့အား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

အလှူငွေများနှင့် ဝါဆိုသင်္ကန်းများကို ဥက္ကဋ္ဌ ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း) ဖုန်း–၃၇၉၂၆၁၊ ၇၂၄၃၆၄၊ ဦးမြင့်ထွန်း ဖုန်း–၇၀၃၃၀၆၊ ဦးတင့် ဖုန်း–၆၈၂၀၆၁၊ ၆၈၁၂၄၉၊ ဦးမြဦး ဖုန်း–၂၂၉၈၄၅၊ ၆၆၀၁၃၁၊ ဒေါ်အေးရီ ဖုန်း–၂၂၂၅၃၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းဝင်/မဝင် မြို့နယ်သူမြို့နယ်သားတိုင်း တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

သတင်းစာပညာသင်တန်း သင်တန်းသားသင်တန်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလေ့လာ

ရန်ကုန် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က စတူဒီယို(A)၌ ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ကြည့်ရှုလေ့လာ

ထို့နောက် သင်တန်းသား သင်တန်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို(C)၌ ဇာတ်လမ်းပမာအသံသွင်းနေမှုကိုလည်းကောင်း၊ စတူဒီယို(D)၌ သီချင်းအသံသွင်းနေမှုကိုလည်းကောင်း၊ စတူဒီယို(၁)၌ သီချင်းရိုက်ကူးထုတ်လွှင့်ပြသမှုတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကျန်းမာရေး အလေးဂရုပြုစရာ မိုးတွင်းချိန်ခါ

တင်ထွန်း
(အစိုးရတိုင်းရင်းဆေး)

မြန်မာနိုင်ငံတွင် နွေ၊မိုး၊ဆောင်းဟူ၍ ဥတုသုံးပါး တစ်ပါးလျှင် လေးလတာ ကြာရှည်ပြီး ယခုမိုးဥတုကာလအတွင်း ဖြစ်ပွားနိုင်သည့်ရောဂါများနှင့် စပ်လျဉ်း၍ ဖြစ်ပွားရခြင်းအကြောင်းရင်းများ၊ ရောဂါလက္ခဏာများနှင့် မြန်မာ့တိုင်းရင်းဆေးဖြင့် ပြုစုကုသပုံတို့ကို အရှင်းလင်းဆုံး၊ လက်တွေ့အကျဆုံး၊ အလွယ်ကူဆုံး ဖော်ပြသွားမည်ဖြစ်သည်။

၁။ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ

(က) **ဖြစ်ပွားရသောအကြောင်းရင်း။** ။ ဖန်၊ အေးသော အရသာရှိသည့် သရက်သီးကင်း၊သီဟိုဠ်ရွက်၊ပိန္နဲကွင်း၊ဆီးဖြူသီး၊ ဖန်ခါးသီး၊ (ဖွဲ့၊ဆောင်၊ ချုပ်အစာများ)စားမိခြင်း၊ ရေချိုးမှားခြင်း၊ ယင်နားစာ၊ မကြေကျက်သောအစာ၊ အမှည့်လွန်သောသီးနှံတို့ကို စားသုံးမိခြင်း။

(ခ) **ရောဂါလက္ခဏာများ။** ။ ဝမ်းနာကျင်စွာသွားပြီး ဝမ်းတွင်သွေး၊ ပြည်၊ အဆီပါဆင်းခြင်း၊ ဝမ်းသွားမှုပမာဏနည်းပြီး အကြိမ်လည်း များများသွားတတ်ခြင်း၊ ဝမ်းအရောင်သည် ဖြူခြင်း၊ ဝမ်းကိုက်အားကြီးလျှင် တစ်နေ့အကြိမ် ၂၀ မှ ၂၅ ကြိမ်၊ ဝမ်းကိုက်အားမကြီးလျှင် တစ်နေ့ (၄၊၅)ကြိမ်သွားတတ်ခြင်း၊ ဝမ်းမသွားမီ/သွားနေစဉ် ဆီးစပ်နှင့်စအိုတွင် ရစ်၍နာတတ်ခြင်း၊ အသားအရေခန်းခြောက်၍ လူမျက်တွင်းဟောက်ပက် ဖြစ်လာတတ်ခြင်း။

(ဂ) **ပြုစုကုသနည်း။** ။ ကော်ဖီခါးခါး၊ သို့မဟုတ် ရေနွေးကြမ်းခါးခါးကို သကြားစပ်ပြီး တစ်ကြိမ်လျှင် အကြမ်းပန်းကန်နှစ်လုံးပမာဏ တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ်သောက်၍ဖြစ်စေ၊ ကြောင်ပန်းရွက်ပြုတ်ရည်ပူပူကို သံပရာရည်ညှစ်၍ ဆားခတ်၍ဖြစ်စေ၊ ထားဝယ်မှိုင်းရွက်ကို လက်သုပ်လုပ်၍ဖြစ်စေ၊ ငှက်ပျောသီးဖီးကြမ်းကိုပြုတ်၊ သို့မဟုတ် မီးကင်၍ဖြစ်စေ ကျွေးနိုင်သည်။ အကယ်၍ သွေးဝမ်းသွားပါက ထမင်းခြောက်ကို မှုန့်အောင်ထောင်း၊ ထန်းလျက်ဖြင့် နယ်၍ဖြစ်စေ၊ မုယားကြီးရွက်ကို သကြားနဲ့သုံးခွက်တစ်ခွက်တင်ကျို၍ဖြစ်စေ တိုက်ကျွေးနိုင်ပါသည်။ ဓာတ်စာအနေဖြင့် စားလိုပါက ဥသျှစ်ရွက်၊ရှောက်ရွက်၊ဒန့်သလွန်ရွက် ရရာတစ်ခုခုကို ကြက်သွန်ဖြူ နိုင်နိုင်ဖြင့် ဟင်းချိုချက်၍ဖြစ်စေ၊ ကြက်ဟင်းခါးသီးကို ပါးပါးလှီး အစေ့ကိုဖယ်ပြီး ပုစွန်၊ ငါးပိစိမ်းစား၊ ကြက်သွန်ဖြူ/နီ၊ နနွင်း ဆီနိုင်နိုင်ဖြင့် ချက်၍ဖြစ်စေ၊ သကြားရည်၊ နာနတ်ရည် တို့ကိုဖြစ်စေ စားသုံးခြင်းဖြင့် ရောဂါကို သက်သာပျောက်ကင်းစေပါသည်။

၂။ ဝမ်းဖော ဝမ်းရောင်ရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။မိုးရာသီအစကာလ (မိုးဦးကျ) တွင် ရာသီစာများဖြစ်သည့် သရက်သီး၊ ပိန္နဲသီး၊ ကနစိုသီး၊ မရန်းသီး၊ နာနတ်သီး စသည့် အအေးစာများ အလွန်အကျွံစားခြင်း၊ အဖန်အရသာရှိအစာများစားခြင်း၊ မိုးရေများ ခြေထောက်တွင်လည်းကောင်း၊ ဝမ်းဗိုက်တွင်လည်းကောင်း အထိအတွေ့များ၍ အစာများ မကြေကျက်ခြင်း။

(ခ) **ရောဂါလက္ခဏာများ။** ။အစာမကြေဘဲ ပျို့အန်ခြင်း၊ ဝမ်း၏အရောင်သည် (အပူဝမ်းဖြစ်လျှင်) နီ/ညိုရောင်ဖြစ်ပြီး၊ (အအေးဝမ်းဖြစ်လျှင်) အဖြူရောင်ဖြစ်ခြင်း၊ ဝမ်းဗိုက်ဖောရောင်ခြင်း၊ မနူးမနပ်ဝမ်းသွားခြင်း၊ ဝမ်းဗိုက်ကိုပုတ်လျှင် ဗုန်းဗုန်းမြည်ခြင်းနှင့် ဝမ်းဗိုက်နာခြင်း။

(ဂ) **ပြုစုကုသနည်း။** ။အပူဝမ်းဖြစ်ပါက အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ ကို ရေနွေး၊ ဆီးဖြူသီး၊ သို့မဟုတ် ဖန်ခါးသီးခြောက် သွေးရည်တို့နှင့်ရောစပ်၍ သောက်နိုင်ပါသည်။ အအေးဝမ်းဖြစ်ပါက ဇာတိလဝင်္ဂဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃၅)ကို ဆီးဖြူသီး၊ သို့မဟုတ်ဖန်ခါးသီး သွေးရည်၊ သို့မဟုတ် မုယားကြီးရွက်ပြုတ်ရည်နှင့်ရော၍ တိုက်နိုင်ပါသည်။ ဓာတ်စာအနေဖြင့် သရက်သီးဆားရည်စိမ်ကို ဆီချက်နှင့်သုပ်၍ဖြစ်စေ၊ ချင်း(ဂျင်း)သုပ်၊ ဒန့်သလွန်ရွက်ကြော်တို့ကိုဖြစ်စေ စားသုံးနိုင်ပါသည်။

၃။ အစာမကြေ လေထိုးလေအောင့်ရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ အစာကို အချိန်မရွေး စားသောက်ခြင်း၊ အကြိမ်ကြိမ်အထပ်ထပ်စားခြင်း၊ ဗိုက်ပြည့်သည်ထက် ပို၍စားသောက်ခြင်း၊ ကြေကျက်ခဲသော အစားအစာများ၊ လေချုပ်စေတတ်သော အဖန်အရသာရှိသော အစာများ အစာလွန်ကဲစွာစားသောက်ခြင်း၊ တွဲဖက်၍ မစားသင့်သော အစာများ၊ အပူစာနှင့် အအေးစာများတွဲဖက်၍ စားသောက်ခြင်း၊ ခန္ဓာကိုယ်ခြေဖျား အောက်ပိုင်း အအေးခံခြင်း၊ အညောင်းအထိုင် များပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း။

(ခ) **ရောဂါလက္ခဏာများ**

(၁) **အစာမကြေရောဂါလက္ခဏာများ။** ။ အစာစားပြီးနောက် နှစ်နာရီခန့် အကြာမှစ၍ ဝမ်းဗိုက်လျော့သင့်သလောက် မလျော့ဘဲ တင်းနေခြင်း၊ အစာနံ့ပြန် (အစာချဉ်တက်)ခြင်း၊ တံတွေးများခြင်း၊ မူးမော်ခြင်း၊ တွေဝေခြင်း၊ ရေငတ်ခြင်း၊ ကိုယ်လက်လေးလံတောင့်တင်းခြင်း၊ ဝမ်းဗိုက်၌ ထိုးကျဉ်ခြင်း၊ ကျင်ကြီးကျင်ငယ်ချုပ်ခြင်း။

(၂) **လေထိုးလေအောင့် ရောဂါလက္ခဏာများ။** ။ အစာနံ့ပြန် (အစာချဉ်တက်)ခြင်း၊ အစာနှင့် လေပွခြင်း၊ ဝမ်းဗိုက်ပြည့်ကျပ်၊ အစာများပါက အထက်သို့ ဆန်ခြင်း၊ ရပ်ပိန်ချုံးသွေးအားနည်းခြင်း၊ စိတ်မကြည်လင်ခြင်း၊ မျက်စိနာ၊ နားအူခြင်း၊ ဆီး-ဝမ်း-လေချုပ်ခြင်း၊ ခေါင်းကိုက်တတ်ခြင်း။

(ဂ) **ပြုစုကုသနည်း**

အစာမကြေရောဂါအတွက် ပြုစုကုသနည်း။ ။အစာကို မကျွေးဘဲ အစာသစ်အိမ်အတွင်း၌ အစာများခိုအောင်းနေပါက အန်အောင်ပြုလုပ်ပါ။ သံပရာရည် ထမင်းစားဇွန်းနှစ်ဇွန်းနှင့် ဆားမီးဖုတ်တစ်မတ်သား ရောစပ်၍ဖြစ်စေ၊ သံပရာရည် ထမင်းစားဇွန်းတစ်ဇွန်းနှင့်ပျားရည်၊ သို့မဟုတ် ထန်းလျက်ပြုတ်ရည် ထမင်းစားဇွန်း တစ်ဇွန်းတို့ကို ရေနွေးပူပူ ဖန်ခွက်တစ်ခွက်ထဲတွင် ဆားလေးလေးထည့်၍ဖြစ်စေ တိုက်ကျွေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ ကိုယ်ဝန်ဆောင်၊ မီးယပ်သွေးပျက်ရောဂါရှိသူ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ သွေးဝမ်းရောဂါရှိသူများ မဟုတ်ပါက သဗ္ဗဓေယျ ဆေးစပ်ကြီး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၉) တစ်ဆ၊ သကြားရှစ်ဆရော၍ အစာမစားမီနှင့် အစာစားပြီး လက်ဖက်ဇွန်းတစ်ဇွန်း ရေနွေးဖြင့် သောက်နိုင်ပါသည်။ သွေးတိုးနှင့် ကျောက်ကပ်ရောဂါမရှိသူများအတွက် လေမျိုးရှစ်ဆယ်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂)ကို မကြာမကြာလျက်နိုင်၊ တိုက်နိုင်ပါသည်။

လေထိုးလေအောင့်ရောဂါအတွက် ပြုစုကုသနည်း။ ။ လေထိုးလေအောင့်ဖြစ်သည့်အခါ ဝမ်းဗိုက်ကို လွန်မင်းစွာမနှိပ်မိရန် အထူးဂရုပြုရပါမည်။ (အကယ်၍ နာကျင်သည့် နေရာသည် တစ်နေရာတည်းဖြစ်ပြီး ဝမ်းခေါင်းလည်း တဖြည်းဖြည်း တင်းလာပါက အစာအိမ်ပေါက်ခြင်း၊ အူအတက်ပေါက်ခြင်း၊ အူပေါက်ခြင်း စသည့်စိုးရိမ်ဖွယ်အခြေအနေများဖြစ်တတ်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ရန် အရေးကြီးပါသည်) သာမန်လေထိုးလေအောင့်ဖြစ်ပါက ဆားခါးကို ရေနွေးဖြင့် ဖျော်၍ဖြစ်စေ၊ ကန့်ကလာကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်တို့ရော၍ဖြစ်စေ၊ သဘော်ဖိုမြစ်ကို သုံးခွက်တစ်ခွက်တင်ကျို၍ဖြစ်စေ တိုက်ကျွေးနိုင်ပြီး ကြေကျက်ခဲသော အစာကြမ်းများမကျွေးဘဲ စွပ်ပြုတ်ရည်ကျဲကျဲတိုက်ကျွေးခြင်း၊ ထိုးအောင့်သည့်နေရာတွင် ရေနွေးအိတ်ကပ်ပေးရပါမည်။ သွေးတိုးရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါမရှိသူများအတွက် လေမျိုးရှစ်ဆယ်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂) ကိုဖြစ်စေ၊ မတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၅)ကို ဖြစ်စေ၊ ဆားငါးပါးဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၃)ကိုဖြစ်စေ တစ်ကြိမ်လျှင် လူကြီး ၂ ပဲသား၊ ကလေး ၁ပဲသားနှုန်းဖြင့် တစ်နေ့သုံးကြိမ် တိုက်ကျွေးပေးရပါမည်။ "အစာမကြေ/လေထိုးလေအောင့်ရောဂါအတွက် လိမ်းဆေး" အဖြစ် ယူကလစ်ဆီ အရက်ပြန်၊ နှမ်းဆီသုံးမျိုးတို့ကို ဆတူစပ်ပြီး ပုလင်းထဲ၌ထည့်၊ ပုလင်းကိုလှုပ်ပြီး တစ်နေ့နှစ်ကြိမ်၊ သုံးကြိမ် ရင်ဘတ်နှင့် ဝမ်းဗိုက်ကို လိမ်းပေးပါက သက်သာပျောက်ကင်းနိုင်ပါမည်။

၄။ အသည်းရောင်အသားဝါရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ ပူသော အစားအစာများ စားသုံးမှု လွန်ကဲခြင်း၊ ခန္ဓာကိုယ်အတွင်း၌ အပူဓာတ်ကိန်းအောင်းမှု လွန်ကဲခြင်း၊ သောက်သုံးရေ မသန့်ရှင်းခြင်း၊ အစားအသောက်များ ချက်ပြုတ်စားသောက်ရာတွင် သန့်ရှင်းမှုမရှိခြင်း၊ မှိုတက်သော၊ ပုပ်သိုးသော အစားအစာများကို အမှတ်တမဲ့ စားမိခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်အဖြစ်များခြင်း၊ အညောင်းထိုင်မှုများခြင်း၊ ခန္ဓာကိုယ် အနေအထား တစ်မျိုးတည်း ကြာရှည်စွာ အနေများခြင်း၊ ပူသော ဥတု (လေပူ၊ ရေပူ၊ မီးပူများ)တွင် ထိတွေ့မှုလွန်ကဲခြင်း။

(ခ) **ရောဂါလက္ခဏာများ။** ။ နေထိုင်မကောင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဖျားခြင်း၊ (ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာပါက) မျက်လုံးနှင့် လျှာများဝါခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးဝါလာခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်း၊ ဆီးများ ဝါလာခြင်း၊လက်ယာဘက်နံရိုးများ နာလာခြင်း(အသည်းရောင်သည့် လက္ခဏာပေါ်လာခြင်း)

(ဂ) **ပြုစုကုသနည်း။** ။ အာရုံနေရာအားဖြင့်အအေးခံခြင်း၊ အထူးသဖြင့် ခြေထောက်အောက်ပိုင်း အအေးခံခြင်းများ မပြုမိစေဘဲ နွေးထွေးစွာ နေထိုင်ခြင်းနှင့် ဝမ်းဗိုက်ပိုင်းကို နွေးထွေးစွာနေစေခြင်း၊ ဆေးအနေဖြင့် လတ်ဆတ်သော ကင်းပွန်ချဉ်ရွက်သတ္တုရည်၊ သို့မဟုတ် အရိပ်ထဲတွင် အခြောက်လှန်းထားသော တောင်ဆီးဖြူပဥ္စငါးပါး ပြုတ်ရည် အကြမ်းပန်းကန်နှစ်လုံးပမာဏကို တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်(၁)(သေမှုပုတိကမက်လင်ချဉ်သလိပ်ပုပ် ပျောက်ဆေး) နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၆) (ဟာလိဒ္ဒစုဏ္ဏဆေး) ဆတူရောစပ်ပြီး ဆေးပမာဏ(လူကြီးအတွက် ၂ပဲသား၊ ကလေးအတွက် ၁ပဲသား)စပ်၍ လည်းကောင်း၊ကြက်သားဟင်း ပြုတ်ရည်၊ သို့မဟုတ် ထိကရုံးဆူးပေါက်ပြုတ်ရည်၊ သို့မဟုတ် ကြက်ခတ်ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်လုံးတစ်လုံးပမာဏကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၁)(ဆီးဆေးဖြူ)(လူကြီးအတွက် ၂ပဲသား၊ ကလေးအတွက် ၁ပဲသား) စပ်၍လည်းကောင်း၊ စူလာနဖာပြုတ်ရည်၊ သို့မဟုတ် ဟင်းနုနယ် ပဥ္စငါးပါးပြုတ်ရည်တို့ကို သကြားနှင့်လည်းကောင်း၊ အဆိုပါ ဆေးများအနက် ရရှိရာ တစ်ခုခုကို တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ်သောက်စေခြင်း၊ (ဆီးဆေးဖြူနှင့် တွဲဖက်တိုက်ရမည့်ဆေးကိုမူ နံနက်နှင့်နေ့လယ် နှစ်ကြိမ်သာ တိုက်ရန်ဖြစ်သည်။ အစာအနေ ဖြင့် ကျောက်ဖရုံသီး၊ ဘူးသီးဟင်းချိုချက်စားစေခြင်း၊ ရေကိုကျိုချက်သောက်စေခြင်း၊ နာနတ်သီးမှည့်ရည်နှင့် သကြား၊ ဂလူးကို့စ်ရည်ရော၍ တိုက်ခြင်း၊ စပျစ်သီးစားခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

၅။ သန်ကောင်၊ တုတ်ကောင်ရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ ရာသီစာဖြစ်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီး၊ မရန်းသီး၊ နာနတ်သီးစသော အအေးစာများ အလွန်အကျွံစားမိခြင်း၊ မိုးထဲလေထဲပြေးလွှားဆော့ကစားသဖြင့် လေတိုက်ခံ၊ အအေးခံခြင်းများပြုလုပ်ခြင်း၊ အစာမကြေခြင်း၊ ကလေးများအနေဖြင့် မသန့်ရှင်းသောလက်များဖြင့် အစားအစာများ စားသောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း။

(ခ) **ရောဂါလက္ခဏာများ။** ။ ဝမ်း၏အရောင်သည် ဖြူပြီး အစာမကြေဘဲ ဝမ်းခဏခဏသွားခြင်း၊ အသားအရေဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်နှာဝါ၊ မျက်ကွင်းညိုတတ်ခြင်း၊ ဝမ်းဗိုက်ထဲကနာပြီး ရောင်နေတတ်ခြင်း ခန္ဓာကိုယ်ပိန်ချုံးလာပြီး ဗိုက်ပူနံကားဖြစ်လာခြင်း၊ မရွှင်မလန်းဖြစ်ခြင်း။

(ဂ) **ပြုစုကုသနည်း။** ။ မတဲမြင့်မိုရ်ကုန်းဆေး(တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၂၅)ကိုဖြစ်စေ၊ ဇာတိလဝင်္ဂဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅)ကိုဖြစ်စေ ရေနွေးပူပူဖြင့် ကလေးအတွက် တစ်ကြိမ်လျှင် ၁ပဲသားခန့်၊ တစ်နေ့လျှင် သုံးကြိမ်နှုန်း သုံးရက်တိုက်ကျွေးနိုင်သည်။ သန်ကောင်ရောဂါရှိသည့် ကလေးများအနေဖြင့် အင်အားကုန်ခန်း ချည့်နဲ့ခြင်း၊ ကိုယ်ပူ၊ အတက်၊ သွေးဝမ်းသွားခြင်း စသည့် ရောဂါများမရှိပါက သန်ချဆေးအဖြစ် ပုတတ်စာဥကို သကြားနဲ့ရောစပ်ပြီးဖြစ်စေ၊ သဘော်စေးနှင့်ထန်းလျက်ကို တော၍ဖြစ်စေ၊ ခုနစ်ပါး ဆေးဝါလေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၇)၊ ရွေးကြီး ၁ရွေးမှ၃ရွေးအထိ တိုက်ကျွေးနိုင်ပါသည်။ ကိုယ်ပူကျ လိမ်းဆေးအဖြစ် ခုနစ်ပါးဆေးဝါလေး ၁ရွေးခန့်ကို သနပ်ခါးရည်ကျဲကျဲဖြင့် ဖျော်လိမ်းပေးပြီး စောင်ပါးပါးခြုံ၊ လေလုံရာမှာထားပါ။ ချောင်းဆိုးပါက ချောင်းဆိုပျောက်ဆေးအဖြစ် ကွမ်းရွက်သတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ တစ်ကြိမ်လျှင် လက်ဖက်စား တစ်ဇွန်းဖြင့် တစ်နေ့သုံးကြိမ် သောက်နိုင်ပါသည်။ နှာပိတ်ပါက ရှိန်းခိုကို အုန်းဆီနှင့်နှာဝ၊ ငယ်ထိပ်တို့ကို အုပ်လိမ်းပေးပါက သက်သာစေပါသည်။

၆။ တုပ်ကွေးရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ အပူခံလွန်းခြင်း၊ အအေးခံလွန်းခြင်း၊ပင်ပန်းလွန်းခြင်း၊ အပူအစပ်အချဉ်အစားအစာများ လွန်ကဲစွာ စားသုံးခြင်းနှင့် ရာသီဥတုအပူအအေး ရုတ်တရက်ပြောင်းလဲခြင်း၊ ခန္ဓာကိုယ်ခုခံအားနည်းခြင်း၊ အစာအာဟာရမှားယွင်း၍ စားမိခြင်း။

(ခ) **ရောဂါလက္ခဏာများ။** ။ ချွေးငုပ်ခြင်း၊ ခေါင်းမထူနိုင်ခြင်း၊ ခေါင်းလေးခေါင်းကိုက်ခြင်း၊ မျက်လုံးမဖွင့်လိုခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အကြောများ တင်းမာခြင်း၊ ဆီးပူဆီးနည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ တစ်ခါတစ်ရံပျို့အန်ခြင်း၊ ရေငတ်ခြင်း၊ (အဖျားကြောင့်) ကိုယ်လက်နုံးနယ် မအီမသာဖြစ်ခြင်း၊ နှာစေးခြင်း၊ နှာရည်များယိုခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းပျက်ခြင်း၊ ချမ်းစိမ့်စိမ့်ခံစားရကာ (စောင်ကို ခေါင်းမြီးခြုံပြီး အိပ်ရာတွင် ဒူးနှင့်ခေါင်းတုပ်၍ တစ်ကိုယ်လုံး သုံးဆစ်ချိုးလျက်နေမှ သက်သာသလို ခံစားရသည်) ချောင်းအနည်းငယ်ဆိုးခြင်း၊ နှာခေါင်းဝများ ယားယံသကဲ့သို့ဖြစ်ပြီး နှာချေဆက်လာမည်။ ထို့နောက် ခေါင်းအုံ ကိုက်ခဲ၍ နှာရည်များယိုဆင်းလာခြင်းဖြစ်ပွားပြီး တစ်ရက်နှစ်ရက် အကြာတွင် ကျဆင်းသော နှာရည်များ ပျစ်ခဲလျက် ဝါကျင်သော အရောင်သို့ ပြောင်းလာကာ နှာခေါင်း ခြောက်သွေ့၍ နှာပိတ်ပြီး အသက်ရှူရှိုက်မှု ခက်ခဲလာခြင်း။

(ဂ) **ပြုစုကုသနည်း။** ။ အခိုးအာကာသပွင့်၍ ချွေးထွက်စေရန် ကွမ်းရွက်ပြုတ်ရည်၊ မြက်ခုံညင်း၊ ကြပ်ခိုး၊ ချင်း(ဂျင်း)တို့ကို ကျိုကာ (လေလုံသောနေရာတွင် စောင်ခြုံလျက်) အကြမ်းပန်းကန်လုံးနှစ်လုံး ပမာဏ သောက်ပါ။ အကယ်၍ ခန္ဓာကိုယ်မှ ချွေးထွက်မည်သေးပါက မွန်းလွဲ၁နာရီခန့်တွင် ကွမ်းရွက်၊ ထန်းလျက်၊ ချင်း(ဂျင်း) သုံးမျိုးပြုတ်ရည်ကို အကြမ်းပန်းကန်နှစ်လုံး ပမာဏခန့်ထပ်သောက်ပါ။ ညနေ ၅နာရီခန့်တွင် ရှမ်းဆေးခါးနှင့် ကန့်ဂလာခါးတို့ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ ဆားငန်ငန်နှင့် သောက်ပါ။ နံနက် ၇နာရီတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးကို ကရမက်၊ နံ့သာဖြူ ပျစ်ပျစ်သွေးလျက် ရေကျက်နွေးနှင့် တိုက်ပါ၊ သို့မဟုတ် တရုတ်စကားခေါက်၊ ဥသျှစ် ခေါက်ကို သွေး၍တိုက်ပါ။ ချင်း(ဂျင်း)ပါး ခုနစ်လွှာနှင့် ထန်းလျက် ခုနစ်လုံး ထည့်၍ ရေသုံးခွက်တစ်ခွက်တင်ကျိုသောက်ပါ။

၇။ အဆုတ်ပွန်ရောင်ရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။အဆုတ်အအေးမိခြင်း၊ ဝက်သက်ရောဂါ၊ကြက်ညှာချောင်းဆိုးရောဂါ၊ တုပ်ကွေးရောဂါ စသည်တို့ကြောင့်ဖြစ်သည်။

(ခ) **ရောဂါလက္ခဏာများ။** ။ နှာစေးလာခြင်း၊ နှာရည်ယိုခြင်း၊ ပြင်းထန်စွာ ချောင်းဆိုးလာခြင်း၊ ရင်ကျပ်ခြင်း၊ အသက်ရှူရာ၌ လေသွင်းလေထုတ် ပြုရာတွင် ခက်ခဲမှုရှိခြင်း။

(ဂ) **ပြုစုကုသနည်း။** ။ မုယားကြီးရွက်၊ သို့မဟုတ် ကစော့ခါးရွက် ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးပမာဏကို သကြားနှင့်ရော၍ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) သေမှုပုတိကသလိပ်ပုပ်ပျောက်ဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်(၆)

စာမျက်နှာ (၁၁) ကော်လံ ၁ သို့

● **ရှေ့ဖုံးမှ**

ရေကူဆည်

တည်ဆောက်ပြီးသော ဆည်များမှရေလုံလောက်စွာဖြန့်ဖြူးနိုင်ရန် လိုအပ်သောကြောင့် ဆည်အသစ်များ တည်ဆောက်ရန်နှင့် ရေလုံလောက်စွာမပေးနိုင်သော ဆည်များသို့ ရေကူပေးနိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံကိန်းများရေးဆွဲချမှတ်ပြီး ရေကူဆည်များတည်ဆောက်ပေးလျက်ရှိရာ ကျောက်ပန်းတောင်းမြို့နယ်မှ တောင်ရေချောင်းရေလှောင်တမံသည် တစ်ခု အပါအဝင်ဖြစ်သည်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်မောက်တောင်ရေလှောင်တမံကို ၁၉၆၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေလှောင်နိုင်သည့်ပမာဏမှာ ဧကပေ ၇၃၀၀၀ ခန့်ဖြစ်သော်လည်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ဧကပေ ၃၆၉၀၀ ခန့်သာရှိသည်။ သို့ဖြစ်၍ လက်ရှိစိုက်ပျိုးနေသော သီးနှံဧရိယာများသို့ ရေလုံလောက်စွာပေးဝေနိုင်ရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် ရေကူရေလှောင်တမံတစ်ခု တည်ဆောက်ရန်နည်းလမ်းရှာကြံခဲ့သည်။

တောင်ရေရေလှောင်တမံ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကြက်မောက်တောင်ရေလှောင်တမံကို ရေကူပေးရန်အတွက် စီမံကိန်းရေးဆွဲ တည်ဆောက်ပြီးစီးပြီဟုသိရသော နတ်မောက်မြို့နယ်ရှိ တောင်ရေချောင်းရေလှောင်တမံသို့ ဇူလိုင် ၁၅ ရက်က သွားရောက်လေ့လာခဲ့ကြသည်။ မြန်မာ့အလင်းအဖွဲ့သည် တောင်ရေချောင်းရေလှောင်တမံကို တာဝန်ခံတည်ဆောက်သော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)ရုံးစိုက်ရာ မိတ္ထီလာမြို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူးရုံးသို့ ဝင်ရောက်သတင်းပို့ရာ ဦးစီးအရာရှိ ဦးစိုးအောင်နှင့် တွေ့ရှိခဲ့သည်။

ဦးစီးအရာရှိ ဦးစိုးအောင်က မြန်မာ့အလင်းသတင်းအဖွဲ့အား ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက တောင်ရေချောင်းရေလှောင်တမံမှ စောင့်နေကြောင်း ပြောကြားပြီး တောင်ရေချောင်းရေလှောင်တမံစီမံကိန်းတည်ရှိရာ ကျောက်ပန်း တောင်းမြို့နယ်သို့ သွားလာရေးစီစဉ်ပေးသည်။ တောင်ရေချောင်းရေလှောင်တမံမှာ မိတ္ထီလာမြို့မှ မိုင်၄၀ခန့်ဝေးပြီး မိတ္ထီလာ-ကျောက်ပန်းတောင်း မော်တော်ကားလမ်းဘေး တည်ပင်တဲကျေးရွာအနီးတွင် တည်ရှိသည်။

မိမိတို့အဖွဲ့ တောင်ရေချောင်းရေလှောင်တမံသို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိကြသည်။ ရေလှောင်တမံတွင် ဦးစီးအရာရှိ ဦးအောင်မိုးဝင်းက ဆီးကြိုပြီး အသင့်ကြိုနေသော ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့်မိတ်ဆက်ပေးသည်။ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းဆောင်တွင် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တောင်ရေ ရေလှောင်တမံ ဆောင်ရွက်ပြီးစီးမှုများကို ပုံစံကားချပ်များဖြင့်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ချက်များကိုလည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ရည်ရွယ်ချက်

ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်း၏ ရှင်းလင်းပြောပြချက်အရ ၁၉၆၆ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည့် ကြက်မောက်တောင်ဆည်တွင် နှစ်စဉ်သိုလှောင်နိုင်သော ရေလှောင်ပမာဏမှာ ဧကပေ ၇၃၀၀၀ ဖြစ်သည်။ မိုးနည်းပါးသော ဒေသဖြစ်သောကြောင့် အမှန်တကယ် သိုလှောင်နိုင်သောရေသည် ဧကပေ သုံးသောင်းခန့်သာရှိသည်။

သုံးသောင်းခန့်သာ သိုလှောင်နိုင်ခြင်းကြောင့် သိုလှောင်နိုင်သော ပမာဏ၏ တစ်ဝက်သာရှိသဖြင့် စိုက်ပျိုးဧကမှာလည်း တစ်ဝက်သာစိုက်ပျိုးနိုင်သည်။ ထို့ကြောင့် ကြက်မောက်တောင်ဆည်သို့ စိုက်ပျိုးဧကအပြည့်အဝပေးနိုင်ရေးအတွက် ရေကူပေးရေး နည်းလမ်းသုံးသွယ်ကို စဉ်းစားကြသည်။

ပထမနည်းလမ်း

ပထမနည်းလမ်းမှာ ကြက်မောက်တောင်ဆည်အတွင်းသို့ ဧရာဝတီမြစ်မှ ရေစုပ်စက်ဖြင့် စုပ်တင်ပြီး ရေဖြန့်ပေးရေး၊ ဒုတိယနည်းလမ်းအနေဖြင့် တည်ဆောက်ပြီး ပင်းချောင်းဆည်မှရေကို ကြက်မောက်တောင်ဆည်သို့ ရေစုပ်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ တာဝန်ယူဆောက်လုပ်ပြီးစီးလျက်ရှိသည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်းရေလှောင်တမံနှင့် ပတ်သက်၍ တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စက်ဖြင့်စုပ်တင်ပြီး ကြက်မောက်တောင်ဆည်သို့ပို့ရေးနှင့် တတိယနည်းလမ်းမှာ ကျောက်ပန်းတောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းတွင်ရှိသော သဘာဝချောင်းမြောင်းနှစ်ခုမှ ရေလှောင်တမံတည်ဆောက်ပြီး ကြက်မောက်တောင်ဆည်သို့ ရေပေးသွင်းရေးဟူ၍ နည်းလမ်းသုံးသွယ်ကို စဉ်းစားခဲ့ကြသည်။

နည်းလမ်းသုံးသွယ်တွင် ဧရာဝတီမြစ်မှ ရေစုပ်စက်ဖြင့်တင်ရန်နှင့် ပင်းချောင်းမှ ရေစုပ်တင်ပေးရန် နည်းလမ်းထက် သဘာဝချောင်းမြောင်းဖြစ်သော ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီးတွင်ရှိသော တောင်ရေချောင်းပေါ်တွင် ရေလှောင်ကန်တစ်ခု တည်ဆောက်ပြီး ကြက်မောက်တောင်ဆည်ကြီးသို့ပို့ရန်နှင့် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာနားရှိ ကျောက်တံခါးချောင်းကိုပိတ်ပြီး ကြက်မောက်တောင်ဆည်သို့ ဆက်သွယ်မြောင်းစနစ်ဖြင့် ရေကူပေးရန်စီစဉ်ခဲ့သည်။

တမံပိတ်တည်ဆောက်

တောင်ရေချောင်း ရေလှောင်တမံကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲရွာအနီး ရေဆင်းဧရိယာ စတုရန်းမိုင် ၂၃မိုင် ရှိသော တောင်ရေချောင်းပေါ်တွင် တမံပိတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တမံအနေဖြင့် မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျားမှာ ပေ၂၈၇၀ ရှိပြီး တမံအမြင့်သည် ပေ ၇၀ရှိသည်။ တမံသို့နှစ်စဉ်စီးဝင်ရေမှာ ဧကပေ ၄၂၀၀ရှိပြီး ရေပြည့်သိုလှောင်နိုင်သည့် ရေပမာဏသည် ၃၂၄၅ဧကပေ ရှိမည်ဖြစ်သည်။ ရေသေပမာဏမှာ ဧကပေ၈၅၀ရှိ၍ ဧကပေ ၃၅၀၀ကို ကြက်မောက်တောင်ဆည်သို့ ပေးသွင်းနိုင်မည်ဖြစ်သည်။

တောင်ရေချောင်း ရေလှောင်တမံစီမံကိန်းအရ ကျောက်ပန်းတောင်းနှင့် မိတ္ထီလာသွားသော ကားလမ်းကိုဖြတ်၍ လမ်းအောက် ၇၅ပေတွင် ၄ မီတာ အချင်းရှိသော မြင်းခွာပုံ သံကူကွန်ကရစ် ဥမင်လိုဏ်တစ်ခုကို တည်ဆောက်သည်။ ရေလွှဲဥမင်၏ အလျားသည် ပေ ၄၂၀ရှိ၍ ရေလွှဲဥမင်တည်ဆောက်ခြင်းမှာ ရာနှုန်းပြည့် ပြီးစီးနေသည်ကို တွေ့ရသည်။

ရေလှောင်တမံပြီးစီး၍ ရေသွယ်မြောင်းမကြီးမှရေကို ကားလမ်းအောက်တွင်ရှိသော ရေလွှဲဥမင်မှ ကုဗပေ ၂၃၀၀စက္ကန့်နှုန်းဖြင့် ကျောက်ပုံချောင်းထဲသို့ ထည့်ပေးမည်ဖြစ်သည်။ ကျောက်ပုံချောင်းမှာ ကြက်မောက်တောင်သို့ စီးဝင်သောချောင်းဖြစ်ပြီး ပေ၇၁၅၀ရှိသော ဆက်သွယ်တူးမြောင်းမှတစ်ဆင့် ကျောက်ပုံချောင်းထဲသို့ ထည့်ပေးမည်ဖြစ်သည်။

လုပ်ငန်းသုံးရပ်

ရေလှောင်တမံတည်ဆောက်ရာတွင် လုပ်ငန်းသုံးရပ်ရှိသည်။ ပထမလုပ်ငန်းအနေဖြင့် မြေသားတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ဒုတိယလုပ်ငန်းအနေဖြင့် ရေလွှဲဥမင်တည်ဆောက်ခြင်း၊ တတိယလုပ်ငန်းအနေဖြင့် တောင်ရေချောင်းမှ ရေဝင်မည့်မြောင်းဥမင်ဖြင့် ဆက်သွယ်ရေးတူးမြောင်းဖောက်လုပ်ခြင်းတို့ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိသည့်နေ့အထိ လုပ်ငန်းပြီးစီးမှုမှာ အလျား ပေ၂၈၇၀ နှင့် အမြင့်ပေ ၇၀ ရှိသော မြေသားတမံတည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ကျောက်ပန်းတောင်းနှင့် မိတ္ထီလာကားလမ်းအောက်ဆက်သွယ်မြောင်း ရေလွှဲဥမင်လုပ်ငန်းမှာလည်း ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။ တောင်ရေရေလှောင်တမံမှ ကြက်မောက် တောင်သို့ စီးဆင်းသော ကျောက်ပုံချောင်းအထိ ဥမင်အပါအဝင် ပေ ၇၀၀၀ကျော်ရှိသော ဆက်သွယ်မြောင်း တူးဖော်မှု လုပ်ငန်းမှာလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ရေသွယ်မြောင်း

ရေသွယ်မြောင်း၏အနက်မှာ ပေ ၁၂၀ ရှိ၍ ရေဝင်မြောင်းအကျယ် ၁၅ ပေနှင့် အထွက်မြောင်း အကျယ်မှာ ၁၅ ပေဖြစ်သည်။ မြေကြီးမှာ မီးတောင်ကျောက်သားများဖြစ်သောကြောင့် မိုင်းခွဲ၍ ထုတ်ရသည်။ မိမိတို့အဖွဲ့သည် ဆည်မြောင်းရေလှောင်တမံများသို့ လှည့်လည်၍ သတင်းဆောင်းပါးများ ရေးသားရန် ကွင်းဆင်းလေ့လာခဲ့ကြရာတွင် ရေလှောင်တမံတိုင်းလိုလိုပင် မြင်ခဲ့ရသည်မှာ ရေထုတ်ပြွန်နှင့် ရေပိုလွှဲများပါရှိစမြဲ ဖြစ်သည်။ ဤဆည်တွင်မူ ရေထုတ်ပြွန်လည်းမရှိ၊ ရေပိုလွှဲလည်း မရှိပါ။ ရေသွယ်မြောင်းသည် ရေထုတ်ပြွန်ဖြစ်ပြီး ရေပိုလွှဲမှာလည်း ရေသွယ်မြောင်းဟု ခေါ်ရမည်ဖြစ်ရာ တစ်မူထူးခြားချက်ပင်ဖြစ်သည်။

တောင်ရေချောင်းရေလှောင်တမံစီမံကိန်း အကြိုတည်ဆောက်မှုလုပ်ငန်းကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၂ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီ။ တပ်မတော်အစိုးရ လက်ထက်၌ ၁၆၂ ခုမြောက်ဆည်အဖြစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ကြက်မောက်တောင် ရေလှောင်တမံအတွင်းသို့ ယခုကဲ့သို့ ရေကူဖြည့်တင်းပေးနိုင်ခြင်းဖြင့် ကြက်မောက်တောင် ဆည်တည်ဆောက်စဉ်က သတ်မှတ်ထားသော ရေသောက်ဧရိယာသို့ ရေပေးပို့ခြင်းပြုနိုင်တော့မည်ဖြစ်သဖြင့် သီးနှံဧရိယာများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်သည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုပေးနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဇူလိုင် ၁၆ ရက်က တောင်ရေချောင်း ရေလှောင်တမံ ရာနှုန်းပြည့်နီးပါး ပြီးစီးနေသည့် ရေလွှဲဥမင်ဆက်သွယ်မြောင်းကြီးအား သရွတ်မှုတ်သွင်းခြင်းနှင့် စက်ယန္တရားများဖြင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဟလိဒ္ဒစုဏ္ဏဆေးတို့ကို ဆတူရောစပ်၍ လူကြီး ၂ပဲသား၊ ကလေး ၁ပဲသားတို့ကို ကွမ်းရွက်စိမ်းရည်၊ သို့မဟုတ် ရောက်ရည်၊ ပျားရည် နှစ်မျိုးဆတူလက်ဖက်စားဇွန်းနှစ်ဇွန်းနှင့်စပ်၍ တစ်နေ့လျှင် သုံးကြိမ်ခန့် သောက်စေရန်ဖြစ်သည်။ အစာအနေဖြင့် ကြက်သွန်ဖြူကို ကျွေးရန်ဖြစ်သည်။ လိမ်းဆေးအနေဖြင့် မြင်းခွာရွက်အမှုန့်ကို မီးဖြင့် နွေးရုံသာအပူပေး၍ မုန်ညင်းဆီဖြင့် ရင်ဘတ်ကိုလူးပေးရန်ဖြစ်ပါသည်။

(၈) မျက်စိနာရောဂါ

(က) **ဖြစ်ပွားရခြင်းအကြောင်းရင်း။ ။** နေပူခံ၊ ရေချိုးမှား၊ အပူအအေးလွန်ကဲစွာခံခြင်း၊ အိပ်ရေးပျက်၍ ညဉ့်နက်သန်းခေါင်အထိနေခြင်း၊ ဝမ်းချုပ်ခြင်း၊ အညောင်းအထိုင်များလွန်းခြင်း၊ အပူစာ၊ အတက်စာများ စားခြင်း။

(ခ) **ရောဂါလက္ခဏာများ။ ။** မျက်စိ၌ရှိသောသွေးသည် ကြွတက်၍ မျက်စိတစ်ခုလုံးနီခြင်း (အအေးဓာတ်က တေဇော၊ ဝါယောဓာတ်နှစ်ပါးကို ဖွဲ့ချုပ်ထားသောကြောင့် တေဇောအခိုးကြောင့် ဖြစ်ပါသည်။)

(ဂ) **ပြုစုကုသနည်း ။ ။** မန်ကျည်းခေါက်ကိုသွေးပြီးမျက်စိကိုကွင်း၍ဖြစ်စေ၊ မန်ကျည်းရွက်ရေစိမ်၍ မျက်စဉ်းခတ်၍ဖြစ်စေ ပြုလုပ်ပေးနိုင်ပါသည်။ စားဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁) (သေမှုပုတိကမက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး)၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၅၃) (မျက်ကွင်းဆေး)၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၅၄) (မျက်စဉ်းဆေး)တို့ကို အသုံးပြုနိုင်ပါသည်။

အထက်ပါရေးသားတင်ပြခဲ့သော ရောဂါများနှင့်စပ်လျဉ်း၍ ဖြစ်ပွားရခြင်းအကြောင်းရင်းများကို သိရှိခြင်းဖြင့် ရောဂါများမဖြစ်ပွားရန် ကြိုတင်ကာကွယ်နိုင်ခြင်း၊ ဖြစ်ပွားသည့် ရောဂါ၏ လက္ခဏာများနှင့် ပြုစုကုသနည်းများကို သိရှိရခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာသိရှိပြီး ကနဦးကျန်းမာရေးစောင့်ရှောက်မှုများကို ဆောလျင်စွာပြုလုပ်နိုင်ရန် ရည်ရွယ်တင်ပြထားခြင်းဖြစ်ပြီး အထက်ပါပြုစုကုသနည်းများဖြင့် ကုသရာတွင် သိသာထိရောက်သော ရောဂါသက်သာခြင်းမရှိပါက မူလဖြစ်ပွားသည့် ရောဂါထက် အသက်အန္တရာယ်ထိခိုက်သည့် အခြေအနေသို့ မရောက်စေရန် (ဝမ်းပျက်၊ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းမှ အူ၊ အစာလမ်းကြောင်းကို ပေါက်စေခြင်း၊ အသည်းတွင် အနာဖြစ်စေခြင်း၊ အစာမကြေလေထိုးလေအောင့်ခြင်းမှ အစာအိမ်၊ အူ၊ အသည်း၊ သည်းခြေတို့နှင့် ပတ်သက်သောရောဂါတစ်ရပ်ရပ်ဖြစ်ပေါ်စေခြင်း၊ အသည်းရောင်အသားဝါရောဂါမှ အသည်းအမာရွတ်ဖြစ်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ်အအေးမိအဆုတ်ပြွန်ရောင်ခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း) နီးစပ်ရာဆေးပညာရှင်၊ ဆေးခန်း၊ ဆေးရုံများသို့ အမြန်ဆုံးပို့ရန် ဂရုပြုသင့်ပါကြောင်း ကျန်းမာရေးအထောက်အကူပြုအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၇

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ဂေါပကအဖွဲ့နှင့် လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား သုံးမြို့နယ်စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၃၁ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင်ကျင်းပ၍ ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ကျောင်းတိုက်သံဃာတော် အပါး၁၁၀နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တိုင်းသံဃနာယကအဖွဲ့ဝင်ဆရာတော်များ စုစုပေါင်းအပါး၁၅၀တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အလှူရှင်များ ဖုန်း-၃၈၃၈၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်(တောင်ပိုင်း)ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်(တောင်ပိုင်း)ခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ ဘုရားငုတ်တို စိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ ဝင်ကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့နှင့်အဖွဲ့သည် စပါးကြဲခင်းပေါင်ပေါ်စိုက်ပျိုးထားသည့် စပါးခင်းများ ကောက်စိုက်လုံမေများက စပါးပျိုးထောင်စိုက်ပျိုးနေမှု၊ စပါးကြိုးဆွဲ အတန်းလိုက်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနေမှု၊ စပါးခင်းများအတွင်း ရေကျောက် ခက် (အဇိုလာ) တိုက်ရိုက်မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု အားပေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက လိုက်လံရှင်းလင်းပြသ သည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာနက စိုက်ပျိုးပြီး စပါးခင်းများတွင် “စပါးကရွှေ၊ ငါးကငွေ” ဆောင်ပုဒ်အတိုင်း ငါးမျိုးများ

စိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ရွှေဝါငါးကြင်း၊ တီးလား ဗီးယားနှင့် ငါးခုံးမအစရှိသည့် ငါးမျိုးကောင်ရေ ၂၅၀၀၀ကို စပါးစိုက်ဧက ၅၀၀တွင် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ရန်ကုန်(တောင်ပိုင်း)ခရိုင်အဆင့်စပါးအတန်းလိုက် တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမြေစာရင်းဦးစီးမှူး ဦးကြင်ထွန်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း၊ တိုင်းဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်သိန်း၊ ရန်ကုန် (တောင်ပိုင်း) ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးတို့က ဆုရရှိသည့် ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုနှင့် ခရမ်း မြို့နယ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မွေးမြူရေးလုပ်ငန်းရှင် များဖြစ်သည့် ဦးသိန်းထွန်း၊ ဦးငွေသောင်း၊ ဦးဝင်းကျော်နှင့် ဦးစောမြင့်ဆွေ တို့က ထပ်ဆင့်ဂုဏ်ပြုဆုငွေကျပ် နှစ်သောင်းစီကို ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက တတိယဆုရရှိ သည့် သုံးခွမြို့နယ်အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းလွင်က ဂုဏ်ပြုဆုငွေ ကျပ်သုံးသောင်းကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဒုတိယဆုရရှိသည့် တွံတေးမြို့နယ်အား ဂုဏ်ပြုဆု များကို ပေးအပ်ချီးမြှင့်ရာ မွေးမြူရေးလုပ်ငန်းရှင် ဦးအုံးကြွယ်က ဂုဏ်ပြုဆုငွေ ကျပ်သုံးသောင်းကို လည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ပထမဆုရရှိသည့် သန်လျင်မြို့နယ်အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးကျော်နိုင်က ဂုဏ်ပြုဆုငွေကျပ် သုံးသောင်းကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်း လင်းတို့သည် တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာအနီး၌ တွံတေးတူးမြောင်း ကို ဖြတ်၍ တွံတေးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိ ကြရာ ရှင်းလင်းဆောင်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင် နီယာမှူးကြီးဦးကျော်နိုင်က တွံတေးတံတားတည်ဆောက်ရေးဆိုင်ရာ စီမံကိန်း အချက်အလက်များ၊ လုပ်ငန်းစတင်ဆောင်ရွက်နေမှု၊ စက်ယန္တရားကြီးများနှင့် ပစ္စည်းများစုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းနှင့်အဖွဲ့သည် တွံတေးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** တာဝန်ရှိ သူများအား လိုအပ်သည်များကို မှာကြားကြသည်။

ဒလမြို့ပြည်သူ့ဆေးရုံ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဒလမြို့ ပြည်သူ့ ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တစ်ဦးချင်း ထောက်ပံ့ငွေများကို ပေးအပ် သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဒလမြို့ပြည်သူ့ဆေးရုံ အတွင်း ခွဲစိတ်ခန်း၊ ဆေးပစ္စည်းစတိုခန်းနှင့်သားဖွားခန်းတို့ကို လိုက်လံကြည့် ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒလမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာဝန်ဒေါက်တာ ခင်မောင်တင့်က လက်ခံကြောင်း သတင်းရရှိသည်။

မူလမဟာဆေးဝက်ပါစာသင်တိုက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၇

ဗဟန်းမြို့နယ်မူလမဟာဆေးဝက်ပါစာသင်တိုက် စာချစာသင်သံဃာတော် အရှင်မြတ် အပါး၅၀တို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁ရက်)နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်ရာ ဖုန်း-၅၅၄၉၄၃ နှင့် ၃၈၁၂၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဇူလိုင် ၂၆ရက်က အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင် သောင်း အမှတ် (၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော စက်ရုံမှူး များ သင်တန်းအမှတ်စဉ် (၁/၂၀၀၄)၊ ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၄)နှင့် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၄) သင်တန်းများဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

ပလက်ဝမြို့နယ် ဗုဒ္ဓကလျာဏအသင်း ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၇

ပလက်ဝမြို့နယ်ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) စနေနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း သိမ်ကုန်းကျောင်းတိုက်ဝင်းအတွင်းရှိ ပညာလင်္ကာရ(ပလက်ဝ) ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ၊ အလှူရှင်များ တက်ရောက်ပါဝင်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၇

မြတ်ဗုဒ္ဓ၏ တရားတော်များကို အခြေခံမှ ဝိပဿနာတရားအားထုတ် နည်းအထိ နားလည်သိရှိလိုသူ၊လေ့လာ လိုသူများအတွက်တရားခွေနှင့် တရား စာအုပ်များ လွယ်ကူစွာ ရရှိစေရန် ရည်ရွယ်၍ ဓမ္မရောင်ခြည်ဓမ္မဒါန လုပ်ငန်း၏ လုပ်ငန်းခွဲ (၂၈)ကို တာမွေ မြို့နယ် သမိန်ဗရမ်းလမ်းရှိ နတ်ချောင်း ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ နဂ္ဂဟ ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည်။

ယင်းဓမ္မာရုံ၌ နေ့စဉ် ညနေ ၅ နာရီမှ ၇ နာရီအတွင်း သစ္စာတရားခွေ နှင့် တရားစာအုပ်များကို မည်သူမဆို အခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါန ပြုလုပ် ထားကြောင်းသိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ဇူလိုင်၅ရက်က ကြူကုတ် (ပန်ဆိုင်း)မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပျိုးဥယျာဉ်ကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလင်းမော်တို့က ရှင်းလင်းပြသစဉ်။ (၃၀၆)

ကျုံမငေးအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၇

ကျုံမငေးအသင်း၏(၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျုံမငေးအသင်းတည်ရှိရာ အမှတ်(၅၇)လှည်းတန်းလမ်း လမ်းမတော်မြို့နယ်၌ ဩဂုတ်၁ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ နံနက် ၆နာရီတွင် ပင့်သံဃာငါးပါးကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက်၇နာရီတွင် ဝါဆို သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကျန်သင်္ကန်းများကို ကျုံမငေးမြို့နှင့် ကျေးရွာများရှိ ကျောင်းတိုက်များသို့ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ကျုံမငေးသူ၊ ကျုံမငေးသားများ ဝါဆိုမြတ်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေတို့ကို ကျုံမငေးအသင်း ဖုန်း-၂၂၇၅၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဥဇဘက်အုပ်စုပထမ၊ အီရတ်က ဒုတိယဖြင့်ကွာတားတက် အိုမန်နှင့်ထိုင်း၊ ဂျပန်နှင့်အီရန်တို့ ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၇

အာရှဖလားဘောလုံးပြိုင်ပွဲအုပ်စု (ဂ)မှ အုပ်စု နောက်ဆုံးပွဲစဉ်များကို ဇူလိုင် ၂၆ရက်က တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့တ်စင်တာ ကွင်း၌ ဆော်ဒီနှင့် အီရတ်တို့ ယှဉ်ပြိုင်ကစားရာ အီရတ်က ဆော်ဒီကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စု(ဂ)တွင် အုပ်စုဒုတိယဖြင့် ကွာတားတက်သလို ချုံကင်းမြို့ ချုံကင်း အိုလံပစ်စင်တာ ကွင်း၌ကျင်းပသော အုပ်စု(ဂ)မှ တာ့ခ်မီနစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ပွဲတွင် ဥဇဘက်က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စု(ဂ)၏အုပ်စု ပထမဖြင့် ကွာတားဖိုင်နယ်တက်ပြီဖြစ်သည်။

အဖွင့်ဂိုးရရှိ

ဆော်ဒီနှင့် အီရတ်တို့ အနိုင်ရရှိသည့်အသင်း ကွာတားကို လွတ်လွတ်ကျွတ်ကျွတ် တက်နိုင်မည်ဖြစ်ရာ နှစ်သင်းစလုံး တိုက်စစ်ဆင်ကစားရာ ပွဲချိန်မိနစ်၅၀တွင် အီရတ်တိုက်စစ်မှူး ရာဇက်ဖာဟင် ဂိုးဧရိယာအစပ်မှ ချပေးလိုက်သည့်ဘောလုံးကို အီရတ် အလယ်တန်းကစားသမား နာရှိတ် အာကရင်က ကန်သွင်းရာမှ အီရတ်တို့ အဖွင့်ဂိုးရရှိသွားသည်။

ချေပဂိုးရရှိ

ဆော်ဒီတို့ အဖွင့်ဂိုးပေးလိုက်ရသဖြင့် တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်၅၇မိနစ်တွင် ဆော်ဒီ နောက်ခံလူ ဟာမက်အယ်မွန်တာစရီက ခေါင်းတိုက်သွင်းယူသဖြင့် ဆော်ဒီတို့ ချေပဂိုးရရှိခဲ့သည်။

ဆော်ဒီတို့ချေပဂိုးရရှိပြီး အနိုင်ဂိုးရရှိရန် တစ်သင်းလုံး ဖိကစားပြီး ဂိုးရရှိရေး အစွမ်းကုန်ကြိုးစားသော်လည်း ပွဲချိန်၈၆မိနစ်တွင် အီရတ်တို့ တန်ပြန်တိုက်စစ်ဆင် ကစားရာမှ အီရတ်မှကူဆေး ကန်သွင်းသည့်ဘောလုံးကို ဆော်ဒီဂိုးသမားပုတ်ထုတ်ရာမှ ပြန်ထွက်လာသည်ကို အီရတ်မှ ယူနစ်မာမွတ်ကန်သွင်းသဖြင့် အီရတ်တို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အပေါ်စီးမှကစားနိုင်

ဇူလိုင် ၂၆ရက်က အီရတ်နှင့်ဆော်ဒီတို့ပွဲနှင့် တစ်ပြိုင်တည်း ကစားခဲ့သော တာ့ခ်မီနစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာ၌ကစားခဲ့သည့်ပွဲတွင် နှစ်ပွဲနိုင် ခြောက်မှတ်ရနေပြီး ကွာတားတက်ရန်သေချာနေသော ဥဇဘက်နှင့် နှစ်ပွဲကစား တစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်မှတ်သာ ရရှိထားသော တာ့ခ်မီနစ္စတန်တို့ပွဲတွင် တာ့ခ်မီနစ္စတန်က အနိုင်ရလျှင် မျှော်လင့်ချက်ရှိနိုင်သည့် အနေအထားဖြင့် ကစားခဲ့သည်။ အကယ်၍ အီရတ်တို့ ဆော်ဒီကို ရှုံးခဲ့လျှင်ဟူသော ရလဒ်အပေါ်အခြေခံကာ ကြိုးစား ကစားခဲ့သော်လည်း ဥဇဘက်တို့က အပေါ်စီးမှ ကစားနိုင်ခဲ့သည်။

တာ့ခ်မီနစ္စတန်တို့ ၃–၅–၂ ပုံစံဖြင့် ကွင်းလယ်ကစားကွက် အသာစီးယူကာ ဥဇဘက်အသင်းကို အနိုင်ရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့သည်။ တာ့ခ်မီနစ္စတန် တိုက်စစ်မှူးများဖြစ်သည့် လောဒီယာဗေယာမော့ဗ်နှင့် အိုဗီကော့ဗ်တို့မှာလည်း ရရှိသည့် အခွင့်ရေးကောင်းများကို ပိုင်နိုင်စွာ အသုံးမချနိုင်ပေ။

အာရှဖလားအုပ်စု(ဂ)မှ တာ့ခ်မီနစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ အုပ်စုနောက်ဆုံးပွဲ ယှဉ်ပြိုင်ကစားရာ ဥဇဘက်အလယ်တန်းမှ အိုင်ဒါမက်ဒီဗ်(ဝဲ) ထိုးဖောက်ကစားမှုကို တာ့ခ်မီနစ္စတန်နောက်ခံလူ ဂူဗင့်ချ်ရီဂျီပေါ့ ဘောလုံးကို ဖြတ်ယူဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကွာတားတက်

ဥဇဘက်တို့က တာ့ခ်မီနစ္စတန်တို့၏တိုက်စစ်ကို ထိန်းကာဟန့်တားပြီးကစားနေရာမှ ပွဲချိန် ၅၈မိနစ်တွင် ဥဇဘက်အသင်းခေါင်းဆောင် ကာဆီမော့ဗ်က သွင်းယူခဲ့သဖြင့် ဂိုးရရှိကာ ဥဇဘက်တို့ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ကွာတားတက်ခဲ့ပြီဖြစ်သည်။

အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)မှ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် အိုမန်နှင့် ထိုင်း၊ ဂျပန်နှင့် အီရန်တို့ ဇူလိုင် ၂၈ ရက်**(ယနေ့)**တွင် ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာကွင်းနှင့်ချန်ဒူးမြို့ စီချွမ်စပေါ့လ်စင်တာတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမှတ်မရရှိ

အိုမန်နှင့် ထိုင်းအသင်းတို့သည် အုပ်စုပွဲများ နှစ်ပွဲစီကစားခဲ့ပြီးဖြစ်ရာ အိုမန်က ဂျပန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးပြီး အီရန်ကို နှစ်ဂိုးစီသရေကစားခဲ့သဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ တစ်မှတ်သာ ရရှိနေပြီး ထိုင်းအသင်းက အီရန်ကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးကာ ဂျပန်ကိုလေးဂိုး–တစ်ဂိုးဖြင့် ထပ်မံရှုံးခဲ့သဖြင့် နှစ်ပွဲကစားပြီး အမှတ်မရရှိဘဲဖြစ်နေသည်။

အိုမန်အသင်းသည် ခြေစွမ်းထက်သော်လည်းအုပ်စုပွဲတွင် ဂျပန်၊ အီရန်ကဲ့သို့သော ဝါရင့်၊ သမ္ဘာရင့် အသင်းကြီးများနှင့် ကြုံခဲ့ရသဖြင့် ပွဲကျပ်ခဲ့ရာ နိုင်ပွဲမရှိဖြစ်ခဲ့ရသည်။ အုပ်စု(ဃ)တွင် အတောင့်တင်းဆုံး အီရန်ကို ခြေရည်တူ သရေကျအောင် ကစားနိုင်ခဲ့ရာ အိုမန်၏ လက်ရှိခြေစွမ်းကို ဖော်ပြလျက်ရှိသည်။

အုပ်စု(ဃ) နှစ်ပွဲကစားပြီး ရမှတ်အခြေအနေမှာ ဂျပန် ခြောက်မှတ်၊ အီရန်လေးမှတ် ဖြစ်သဖြင့် အကယ်၍ ဂျပန်ကိုအီရန်တို့ရှုံးခဲ့ပြီး ထိုင်းကို အိုမန်တို့ ဂိုးပြတ်သွင်းနိုင်ခဲ့လျှင်ဟူသော ရလဒ်များအပေါ်စဉ်းစားပြီး အိုမန်တို့ ထိုင်းကို ဂိုးပြတ်အနိုင်ရအောင် ကစားဖွယ်ရှိသည်။

အုပ်စု(ဃ)အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဂျပန်နှင့် အီရန်တို့ ဇူလိုင် ၂၈ ရက် **(ယနေ့)**တွင် ကစားကြမည်ဖြစ်ရာ ဂျပန်က နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ကွာတားတက်ပြီဖြစ်ပြီး ယခုပွဲအနိုင်အရှုံးမှာ ဂျပန်တို့အတွက် အဓိကမကျတော့ပေ။

ဂျပန်၏ ခြေစွမ်းမှာ အာရှဖလား လက်ရှိချန်ပီယံဟူသော ဂုဏ်ဒြပ်နှင့် ဆီလျော်မှုမရှိဖြစ်နေရာ ဂျပန်နည်းပြဇစ်ကိုအနေဖြင့် အုပ်စုတွင် ရှုံးပွဲမရှိအောင်ပွဲခံနိုင်ရေးအတွက် ကစားကွက်ပြောင်းဖွယ်ရှိသည်။ ပြီးခဲ့သည့် နှစ်ပွဲတွင် ဂျပန်တို့ ၅း၃း၂ ပုံစံအတိုင်း နှစ်ပွဲစလုံး၌ ကစားခဲ့ရာ အနိုင်ရရှိခဲ့သော်လည်း ဂျပန်အသင်းအနေဖြင့် ထိုနည်းကို အံဝင်ခွင်ကျ မဖြစ်သေးဟန်ရှိနေသည်။

လျှော့တွက်၍မရ

အီရန်အသင်းမှာ အာရှဖလားပြိုင်ပွဲဝင် အသင်းအားလုံး၌ အတောင့်တင်းဆုံးနှင့် အကောင်းဆုံးအသင်းဖြစ်ရာ ရှေ့တန်းတွင် အေရက်ဒ်ဘိုမာနီ၊အသင်းခေါင်းဆောင် အလီဒါလီ အာရက်ဘိုဟာနီတို့ တစ်ဖက်အသင်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်သူများသည်။ ဂျပန်နှင့် အီရန်တို့ သမိုင်းတစ်လျှောက် ၁၀ကြိမ်တွေ့ဆုံခဲ့ဖူးရာ ဂျပန်က သုံးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးခဲ့ရာ ဂျပန်တို့ အီရန်ကို လျှော့တွက်၍မရချေ။

အလေးသာ

လက်ရှိခြေစွမ်းခြေစတွင်လည်း အီရန်တို့က သာလျက်ရှိရာ ဂျပန်တို့ လက်ရှိခြေစွမ်းဖြင့် အနိုင်ရရန် မလွယ်ပေ။အုပ်စု(ဃ)ပွဲအနေအထားတွင် ဂျပန်တို့အမှတ်အများဆုံးရရှိပြီး အုပ်စုပထမအဖြစ် တက်ရောက်ရန် အလေးသာလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသက်န်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၇

(၂၂)ကြိမ်မြောက် ဗဟန်းမြို့နယ် အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ရိပ်သာပဓာန နာယကဆရာတော်ကြီးအား အမှူးထား၍ ဂေါပကအဖွဲ့နှင့် ပုညသီအမျိုးသမီးအဖွဲ့က ကြီးမှူး၍ (ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်) ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါရိပ်သာ မဟာဓမ္မဗိမာန်တော်ကြီး အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် သင်္ကန်းဆက်ကပ်နိုင်ရန် စီစဉ်ထားသဖြင့် အဆိုပါရိပ်သာ ဖုန်း–၅၄၂၈၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)



ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား နှစ်ဖက်သောမိဘများကို အမှူးထား၍ ဗိုလ်ကြီးတိုးနိုင်မန်း၊ ဇနီး မဇေဇင်လတ်၊ သမီး မဇေသစ္စာမန်းတို့က နဝကမ္မအလှူတော်ငွေ ကျပ်သိန်း၁၀၀ လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျိုက်ထီးဆောင်းဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ် အလှူရှင်များ၏ နဝကမ္မအလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း ဆရာတော်အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်အလှူရှင်များမှ နဝကမ္မအလှူတော်ငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇေကမ္ဘာကုမ္ပဏီလီမိတက်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီး တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်အား ရည်စူး၍ သီရိသုဓမ္မသိင်္ဂီဒေါ်ခင်သိန်း သားသမီးမြေးတစ်စုက နဝကမ္မအလှူတော်ငွေကျပ်ကိုးသိန်းကိုလည်းကောင်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဗိုလ်ကြီးတိုးနိုင်မန်းနှင့် ဇနီးမဇေဇင်လတ်၊ သမီးမဇေသစ္စာမန်းတို့က နဝကမ္မအလှူတော်ငွေကျပ် သိန်း ၁၀၀ကိုလည်းကောင်း ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်လက်လှူဒါန်းကြသည်။

ဆက်လက်ပြီး ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက သာဓုအနုမောဒနာတရားမြွက်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝါတွင်းဝိပဿနာတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅လမ်း မဟာစည်မေတ္တာအေး သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကို ဒုတိယဝါဆို လပြည့်ကျော် ၈ ရက် (ဩဂုတ် ၈)ရက်မှဒုတိယဝါဆိုလကွယ်(ဩဂုတ် ၁၅)ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မဟာစည်နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဇာတ အရှင်သူမြတ်က သတိပဋ္ဌာန် ဝိပဿနာတရားများဟောကြားပြသသွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းအလှူရှင်များသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၅၆၂၂၄၁ သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

တနင်္ဂနွေနေ့တိုင်းဆွမ်းလောင်းမည်

ရန်ကုန် ဇူလိုင် ၂၇

ဗိုလ်ဆွန်ပက်(အောက်လမ်း) ဆွမ်းလောင်းအသင်း၏ (၃၂)ကြိမ်မြောက် ဝါတွင်း တနင်္ဂနွေနေ့တိုင်း အရဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြမည်ဖြစ်ရာ စာသင်တိုက်ကြီးများအနေဖြင့် စနေနေ့ညနေတွင် ဆွမ်းဟင်းချိုင့်များကို ကြိုတင်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

အာရှဖလားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ တောင်ကိုရီးယားနှင့်ဂျော်ဒန် ကွာတားတက်

ရန်ကုန် ဇူလိုင် ၂၇

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ အုပ်စု(ခ)မှ တောင်ကိုရီးယားအသင်းက ကူဝိတ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ယူအေအီးအသင်းနှင့် ဂျော်ဒန်အသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

တောင်ကိုရီးယားက ကူဝိတ်ကို အနိုင်ရရှိသောပွဲစဉ်တွင် တောင်ကိုရီးယားအတွက် ပထမဂိုးကို ပွဲချိန်၂၅ မိနစ်တွင် လီဒေါင်ဂွတ်၊ ဒုတိယဂိုးကို ပွဲချိန် ၄၁မိနစ်တွင် လီဒေါင်ဂွတ်၊ တတိယဂိုးကို ပွဲချိန်၄၅မိနစ်တွင် ချာဒူရီ၊ စတုတ္ထဂိုးကို ပွဲချိန်၇၆မိနစ်တွင် အန်ဂျွမ်းဝမ်က သွင်းယူပေးသည်။

ယူအေအီးအသင်းနှင့် ဂျော်ဒန် အသင်းတို့ ဂိုးမရှိ သရေကျသောပွဲစဉ်တွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ဂျော်ဒန်အသင်းမှ ဘာရှာဘာနီယာဆင်က ရရှိသည်။

အုပ်စု(ခ)

အုပ်စု(ခ)ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ တောင်ကိုရီးယားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမ၊ ဂျော်ဒန်အသင်းက တစ်ပွဲနိုင်၊နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ကူဝိတ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး(၃)မှတ်၊ ယူအေအီးအသင်းက တစ်ပွဲသရေ၊ နှစ်ပွဲရှုံး (၁)မှတ်ဖြင့် အုပ်စုမှပင် ထွက်သွားရပြီဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံခန်းမတွင် ယနေ့နံနက် ၉နာရီက ကျင်းပရာ ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပပြီးစီးသွားသည်။

အမျိုးသားအသင်းလိုက် ပထမဆု ကျပ်သုံးသိန်း၊ဒုတိယဆုကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊အမျိုးသမီး ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆုကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆု ကျပ်ငါးသောင်း၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး ကရာတေးဒို ဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝါတွင်းတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက(ဓမ္မကထိက ဗဟုဇန ဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒုတိယဝါဆိုလပြည့်(ဇူလိုင် ၃၁ရက်) နံနက် ၈ နာရီမှစ၍ ရွှေတိဂုံရင်ပြင်တော် သောကြာထောင့်ဆံတော်တွင်းတန်ဆောင်း၌ ဥပုသ်သည်များကို သီလပေး၊ ဝါဆိုသင်္ကန်းများ အကပ်ခံပြီး မွန်းလွဲ ၁ နာရီမှစ၍ တရားဟော တရားပြ ရေစက်ချ အမျှပေးဝေမည်ဖြစ်သည်။ ဆရာတော် သည် ဝါတွင်းဥပုသ်နေ့တိုင်း ယင်းတန်ဆောင်းတွင် နံနက်ပိုင်း၌ သီလပေးပြီး မွန်းလွဲ၁နာရီမှစ၍ တရားဟော တရားပြတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်၃၄(ဒုတိယထပ်)နေ
ဦးတင်ဌေး-ဒေါ်ငယ်(ခ) ဒေါ်စန်းစန်းမြင့်တို့၏ တစ်ဦးတည်းသောသား

မောင်အောင်ကျော်ကျော်ခန့်

1 st Year (History)

နှင့်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်၃၂နေ
ဦးစိန်အောင်-ဒေါ်ညွန့်ညွန့်ကြည် (Golden Mountain Art Gallery) တို့၏ သမီးကြီး

မခင်သီတာစန်း

B.A (Geography)

တို့၏ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဦးစောလွင်(ညွှန်ကြားရေးမှူးချုပ်၊အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)နှင့်ဇနီး ဒေါ်မာမာသီ၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဦးကြည်မြင့်(အမှုဆောင် ဒါရိုက်တာ၊ မြန်မာဆီးဖုဒ်ကုမ္ပဏီလီမိတက်)နှင့်ဇနီး ဒေါ်အေးအေးသိန်း အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက်မေတ္တာဖြင့်အဘက်ဘက်မှ ကူညီပံ့ပိုးပေးသော ကိုကျော်မင်းဦးနှင့် မဝင်းမင်းကောင်းတို့အားလည်းကောင်း၊ သတို့သမီးဝတ်စုံကို မင်္ဂလာလက်ဖွဲ့အဖြစ်ချုပ်လုပ်ပေးသော အင်းလျားလမ်း Ivy (Style & Design)မှ ကိုထက်နှင့် မပုလဲတို့အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့် အဖွဲ့သားများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ကွမ်းခြံကုန်း မြို့နယ်အသင်းဝင်များ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အသင်းဝင်များ၊ တက္ကသိုလ် ပထဝီဝင်ကျောင်းသား ကျောင်းသူဟောင်းများ၊ ပန်းချီဆရာများနှင့် ဧည့်ပရိသတ်များ၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်ကျော်ခန့်နှင့် မခင်သီတာစန်း။

ထိမ်းမြားလက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ကမ်းနားလမ်း၊ အမှတ် ၅၁၆/၅၁၈ နေ
(ဦးသောင်းတင်)(မြန်မာ့တိုင်ယာလုပ်ငန်း)-ဒေါ်တင်လှိုင်
တို့၏သားငယ်

မောင်ဦးဦးခိုင် B.Sc (Zool.), M.Sc(Q)

Director(Tet Kham Construction Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ ယုဇနလမ်း၊အမှတ် ၃၁၊ အခန်း ၁၀၂နေ
ဦးတင်မောင်ချို-ဒေါ်အေးအေးငွေ(မြန်မာ့လေကြောင်း၊ အငြိမ်းစား)
တို့၏သမီးကြီး

မချောချောကေခိုင်

B.Sc (Zool.)

Ex.stewardess M.A.I

တို့၏ ၁၅-၇-၂၀၀၄ ရက်(ကြာသပတေးနေ့) တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးခြင်းနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ဇနီးအားလည်းကောင်း၊ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ Sedona Hotel ၌ ကျင်းပသော မင်္ဂလာဦးညစာစားပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး၊ ဌာနမှူးများနှင့်ဇနီးများ၊ မင်္ဂလာဆုံမစကား ပြောကြားပေးသော ဆက်ဆံ ပြန်ကြားဌာနမှူး ဦးလှမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေး အတွက်အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့်ဧည့်ခံဖျော်ဖြေ ပေးသော အင်ပါယာတေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်ပြုပြင်ပေးသော အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညွှပ်နှင့်အဖွဲ့၊ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံရိုက်ကူးပေးသောကိုမြဝင်း(City Ray)၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဦးဦးခိုင်-မချောချောကေခိုင်။

အရှင်ပညာသီဟာဘိဝံသ(ပဉ္စနိကာယ်) ဝါတွင်းအထူးတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၇

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ (ပဉ္စနိကာယ်) သ-စ-အ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဆရာတော်သည် ဝါတွင်းဥပုသ်နေ့တိုင်း နံနက်၉နာရီ၌ ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ သိရီဂုဏ်ဝေဓမ္မဗိမာန်တွင်သီလပေးနှင့်ပဋ္ဌာန်းတရားတော်၊ ဩဂုတ်၇တွင် တာမွေကျားကွက်သစ် သာသနဟိတကာရီဓမ္မာရုံ၌ ညတရားပွဲ၊ ဝါခေါင်လကွယ်၌ ရန်ကင်းဘောက်ထော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ မွန်းလွဲ၂နာရီတရားပွဲ၊ တော်သလင်းလဆန်းစရက်၊ လပြည့်နှင့် လပြည့်ကျော် စရက်တို့တွင် တောင်ဥက္ကလာပ သူရလမ်း (၉)ရပ်ကွက် သာသနာဝန်ဆောင်ဓမ္မာရုံ၌ မွန်းလွဲ၂နာရီတွင်နေ့တရားပွဲ၊ သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ၂နာရီတွင် နေ့တရားပွဲ၊ တောင်ဥက္ကလာပ (၆) ရပ်ကွက် လူထုဓမ္မာရုံ၌ မွန်းလွဲ၂နာရီတို့တွင် ဘာဝနာခရီးလမ်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်မိုးရေချိန်

၂၇-၇-၂၀၀၄ ရက်

ရန်ကုန်မြို့လယ်	–	**ဝ ဒသမ ၈၃ လက်မ**
ကမ္ဘာအေး	–	**ဝ ဒသမ ၃၁ လက်မ**
မင်္ဂလာဒုံ	–	**ဝ ဒသမ ၂ဝ လက်မ**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ထွန်းထွန်းလင်း(ဘ) ဦးမောင်မောင်(ခ) ဦးမောင်ကျုံး မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၀၈၁၄၈၏ PP No. 252527 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်

မ/၁၇၊ မာကလိလမ်း၊ လှိုင်မြို့နယ်၊ ဖုန်း-၅၁၀၄၂၉။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

1.	Web Offset Ink		
	(1) Black	15000	Kg
	(2) Yellow	1000	Kg
	(3) Red(Magenta)	1000	Kg
	(4) Blue(Cyan)	1000	Kg
2.	Sheetfed Offset Ink		
	(1)Black	3000	Kg
3.	P/S Negative Plates		
	(1) 915x626x0.3 mm	1000	Shts
	(2) 889x586x0.3 mm	4000	Shts
	(3) 685x745x0.24 mm	600	Shts
	(4) 650x550x0.24 mm	4050	Shts

၂။ တင်ဒါလေးသွင်းမှုကို ၁၀-၈-၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟင်္သာတမြို့၊ အမှတ် ၃၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဆကာရပ်ကွက်နေ
(ဦးတင်မြ)-ဒေါ်ခင်မာညို (မြစန္ဒာသစ်စက်)တို့၏သား

ဗိုလ်ကြီးဇော်မင်းအောင် LL.B,LL.M

ရန်ကုန်တိုင်းစစ်ဌာနချုပ်

နှင့်

သန်လျင်မြို့၊ အမှတ် ၅/ခ၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်နေ
(ဦးဌေးမြင့်)-ဒေါ်သန်းရွှေ(ဒေါ်သန်းရွှေအထည်ဆိုင်)တို့၏မြေး၊
သန်လျင်မြို့၊ အမှတ် ၁၄၅၊ အနန္တမေတ္တာလမ်း၊ မြို့မတောင်ရပ်ကွက်နေ
ဦးအောင်ကျော်-ဒေါ်သန်းအုံ(ဖြိုးဖြိုးဖိနပ်ဆိုင်)တို့၏သမီး

ဒေါက်တာဖြိုးဖြိုးကျော် M.B.,B.S.(Ygn)

လက်ထောက်ဆရာဝန်၊ စံပြဆေးရုံ(သဃ်္ဃန်းကျွန်း)

တို့သည် ၂၅-၇-၂၀၀၄ ရက်တွင် ရွှေရှမ်းကန်၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့်
နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့်
စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော
ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီးဒေါ်ခင်မာတို့အား
ကျေးဇူးဥပကာရ တင်ရှိအပ်ပါကြောင်း။

ဗိုလ်ကြီးဇော်မင်းအောင်-ဒေါက်တာဖြိုးဖြိုးကျော်။

သွန်နုတ္တသားသမီးများဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ထွန်း ၁၂/သဃက(နိုင်)၁၁၉၁၃၉၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမောင်ထွန်း၏သားသမီးများဖြစ်ကြသော မတင်မေထွန်း ၁၂/သဃက(နိုင်)၁၄၅၇၀၆၊ မပွင့်ဖြူထွန်း ၁၂/သဃက(နိုင်)၁၄၅၇၀၇နှင့် မောင်အေးထွန်း ၁၂/သဃက(နိုင်) ၁၄၅၇၀၈တို့သည် ဖခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူကြခြင်းတို့ကြောင့် ၂၂-၇-၂၀၀၄ ရက်မှစ၍ သွန်နုတ္တ သားသမီးများဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းတို့သည် သွန်နုတ္တသားသမီးများဖြစ်၍ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ထွန်းနှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးမောင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်မင်း	**ဒေါ်စီစီရွှေရင်**
B.A.,D.A.,R.L	B.Sc.,I.F.L(Eng),R.L,D.B.L,D.M.L,D.A.Psy.
တရားရုံးချုပ်ရှေ့နေ	တရားရုံးချုပ်ရှေ့နေ

အမှတ် ၅၀၊ ပထမထပ်၊ အခန်း C/4,D/4, ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၇၀၁၄၃၉၊ ၇၀၅၃၀၉။

ဗီသုကာရွှေရတုအကြို သက်ကြီးကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၂၇

၂၀၀၄ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံ ဗိသုကာပညာနှစ်(၅၀) ပြည့်ရွှေရတုကို ကြိုဆိုသောအားဖြင့် ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်လမ်း Lion City Restaurant ခန်းမ၌ ဗိသုကာဆရာကြီးများ၊ သက်ကြီးဗိသုကာများအား ပူဇော်ကန်တော့ ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ် ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည် / မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ် အောက်မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့်**စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ် တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်-

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉-၉-၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀-၉-၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ် အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

သရက်မြို့နယ်၌သန့်ရှင်းရေးဆောင်ရွက်

သရက် ဇူလိုင် ၁၈

သရက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က သရက်မြို့နယ် အမှုဆောင်အရာရှိ ဦးမျိုးနှင့်အတူ ဇူလိုင် ၁၈ရက်က သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့နယ်သန့်ရှင်းသာယာလှပရေးအခြေအနေများ၊ မြို့တွင်းလမ်းများတွင် လမ်းပခုံးဖြည့်တင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူမှုတို့ကို ကွင်းဆင်းစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ်စည်ပင်)

ဇူလိုင် ၉ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကော့မှူးမြို့ဝင် ဆိုင်းဘုတ်ပန်းတင်ခုံ မြေယာရှုခင်း ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကုမုဒြာ ပန်းဥယျာဉ်အဝင် ရေမြှုပ်တံတားဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင်၁၄ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်း၍ကျောင်းလမ်းဘေး ဝဲယာတစ်လျှောက် အရိပ်ရ ပင်နှင့် ပန်းအလှ ပင်များ စိုက်ပျိုးမှုကို အဖွဲ့အမှုဆောင် အရာရှိ ဦး မိုး ဟိန်း နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့တွင်းရှိရေဆိုးခံကတုတ်မြောင်းများ ပန်းတနော်မြို့၌ ဖော်ထုတ်ရှင်းလင်း

ပန်းတနော် ဇူလိုင် ၁၅

ပန်းတနော်မြို့နယ်အတွင်းမိုးရာသီကာလတွင် မြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်ကို အကောင်အထည်ဖော်သောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးဌာန၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က ပန်းတနော်မြို့တွင်းရှိ ရေဆိုးခံကတုတ်မြောင်းများ ဖော်ထုတ်ရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

အားပေး

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်မာအေးတို့က လိုက်လံကြည့်ရှုအားပေးဆောင်ရွက်ကြသည်။

(၃၂၇)

လမ်းလယ်ပန်းခုံ စုပေါင်းသန့်ရှင်း

ဇန်းမော် ဇူလိုင် ၁၅

ဇန်းမော်မြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေ ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူသည် ဇူလိုင် ၉ရက်က ဗိုလ်ချုပ်လမ်း လမ်းလယ်ပန်းခုံများတွင် စိုက်ပျိုးထားသည့် အလှပန်းပင်များနှင့် သန့်ရှင်းလှပစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ စုပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မင်းဘူးဈေးငွေရုံးခွဲအဆောက်အအုံသစ်ဖွင့်လှစ်

မင်းဘူး ဇူလိုင် ၂၂

မြန်မာ့ အသေးစား ချေးငွေလုပ်ငန်း မင်းဘူးချေးငွေရုံးခွဲအဆောက်အအုံသစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ရက်က မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၄ အဆောက်အအုံတွင် ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ထွန်းတို့က ရုံးခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးအထွေထွေမန်နေဂျာက ချေးငွေရုံးခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြန်မာ့အသေးစားချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာနှင့် မကွေးတိုင်း မန်နေဂျာတို့က ချေးငွေရုံးခွဲသစ် ဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းအတွင်း ချေးငွေရုံးခွဲများ၏ ဝင်ငွေလျာထားချက် ပြည့်မီကျော်လွန်ရေး၊ စီမံခန့်ခွဲအုပ်ချုပ်ရေးနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးတို့ကို ပြောကြားခဲ့ကြသည်။

(က-ပ)

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မအူပင်တက္ကသိုလ် မြို့အဝင်လမ်းဆုံတွင် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ စက်ယန္တရားသုံး၍ ဝဲ/ယာ ရှင်းလင်းခြင်းတို့ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ရှိ ပိန်းဇလုပ်လမ်းလယ်ကျွန်းမြေခင်းအလှ ပြုပြင်မှုလုပ်ငန်းကို ဇူလိုင် ၁၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်ကြည့်ရှုစစ်ဆေးရာအမှုဆောင် အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၉-၇-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(မွေးမြူရေးရာပြန်ကြားလွှာ-၁၆)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ဘာဝနာကထာ-၁
(အရှင်သံဝရလင်္ကာရ-ဓမ္မပီယဆရာတော်)
(၂)ကမ္ဘာ့နေ့ကြီးရက်ကြီးများနှင့် မြန်မာ့နေ့ကြီးရက်ကြီးများ
(ဦးဝမ်ထိန်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(လမ်းသစ်ထွင်သူ သိပ္ပံပညာရှင်များ-မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ငှက်ပျောဖူးသုတ်၊ အာလူးသုတ်နှင့် သက်သတ်လွတ် ဒန့်သလွန်ဟင်းချို)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၈း၁၅ ဓာတ်လမ်းပမာနားဆင်စရာ
(မေတ္တာရနံ့)

၁၈း၄၀ ဟန်မျိုးစုံညီ တေးကိုသီ
(တိမ်လွှာမို့မို့လွင်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

AA Electronics Ltd. (Sole Distributor of Samsung Electronics)

၁။ Sales & Marketing Staff ၂ ဦး ကျား/မ
၂။ Sales Promoter ၄ ဦး ကျား/မ

အမှတ်စဉ် (၁)အတွက် တာဝန်အရ နယ်များသို့ အချိန်မရွေးသွားရောက်နိုင်ရမည်။ ရုပ်ရည် သန့်ပြန့်၍ ဆက်ဆံမှု အဆင်ပြေရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အမှတ်စဉ် (၂)အတွက် အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။ အသက် (၂၅)နှစ်အောက် ဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)ဖုန်းနံပါတ်၊ အကျင့်စာရိတ္တထောက်ခံစာ (ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ (၁) ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ အိမ်ထောင်စု ဇယားမိတ္တူနှင့်အတူ အမှတ် ၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plaza (ပထမထပ်)သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။



ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ လမ်းသစ်လမ်း၊ အမှတ် (၆၀၄)နေ ဒေါ်သိမ့်သိမ့်ဖြိုး ၇/ပခန(နိုင်) ၁၇၅၀၂၅ သည် အောက်ပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

Reg 3465 **Reg 3466**

"ချစ်စု" "နန်းဆန်သူ" စသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အသုံးပြု၍ သနပ်ခါးခဲ၊ သနပ်ခါးမှုန့်၊ သနပ်ခါးရည် စသည့် သနပ်ခါးနှင့်ပတ်သက်သည့် အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက် ရှိပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်၏ အမည်၊ အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကို ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှဖေ (အထက်တန်းရှေ့နေ)
လိုင်စင်အမှတ်–၁၁၅၈၅။

အမည်ပြောင်း ဦးဝင်းမောင်ဦး–ဒေါ်စန်းစန်းဝင်းတို့၏သား အထက(၃)၊ ကမာရွတ်၊ သတ္တမတန်း(B) တွင် ပညာသင်ကြားနေသော မောင်အာကာဦးအား မောင်မင်းသန့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသန့်ကိုကို။**

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ချင်းပြည်နယ်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် (၁)

မြန်မာ့စီးပွားရေးဘဏ် နှင့် ၁။ဦးထန်ဆွင်းပေါင်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် ၂။ဒေါ်ဝုန်ဆွင်းဟောက်
တီးတိန်မြို့။ စကောလ်လမ်းရပ်ကွက်၊ တီးတိန်မြို့။
ဒီကရီရရှိသူ **တရားရုံး**

တရားမကြီးမှု အမှတ်တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါဆို လဆုတ် ၁၄ ရက်) နေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့၊ စကောလ်လမ်းရပ်ကွက် မြေကွက်အမှတ်(၁၀၃/၄) ဦးပိုင်အမှတ်(၁၃၉) ဧရိယာ (၂၀X၄၂X၂၀X၄၂)ပေကျေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး၊ လုပ်ငန်းပိုင် ကုန်ပစ္စည်းအားလုံး၊ (လေလံကြမ်းခင်းဈေး ၃၂၀၀၀၀၀ိ/–)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၄။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်စိန်
ပြည်နယ်တရားသူကြီး
ချင်းပြည်နယ်တရားရုံး၊ဟားခါးမြို့။

OD Tour
Jul 30, Aug 20
Aug 23, 24
Jul 29, Aug 19
32 (A) 504808, 537672

သင်၏စလောင်းအတွက်

Top Field Digital Metabox, Silver box ၂၄ နာရီ UPGRADE
ZN SATELLITE GROUP, Tel: 727548

ATOMIC digital art
GRAPHIC DESIGN SKILLS TRAINING CENTRE
ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းကျွမ်းကျင်သင်တန်း
Design section ၊ Design job
no.118/120 (1st floor), maharbandoola garden street (infront of maharbandoola garden), kyauktada tsp., yangon. tel : 371316, 09 500 9633, 09 80 34117

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၁၄၀၇ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

TOP ☎ 243363 705877

အမည်ပြောင်း

တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ ဦးစိုင်းစံလင်း၏သမီး နန်းစံဟိန်းလောင်(ခ) နန်းစိုင်းဟိန်းလောင်အား နန်းဆိုင်ဟိန်းလောင်ဟု ပြောင်းလဲခေါ်ပါရန်။
နန်းဆိုင်ဟိန်းလောင်။

MT&K Tourism Co., Ltd

အမည်ပြောင်းလဲခေါ်ပါရန်

ဖန်းမော်မြို့၊ ကုက္ကိုတောရပ်ကွက်နေ အဖ ဦးတူးတူး၏သမီး၊ ဖန်းမော်မြို့၊ အထက(၂)၊ နဝမတန်း(F)မှ မရဟီမာအား ယနေ့မှစ၍ မလုလုအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မလုလုအောင်။



ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ် (၇၅) ဂရန်မြေကွက်အား တပ်သား ဌေးနိုင် မှတ်ပုံတင်အမှတ် SKGN ၇၇၉၉၈၇ မှ အမှုတွဲ အမှတ် ၀၄၃၇/၂၀၀၄–၂၀၀၅ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူ ရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ။

ဦးလှဘော်
B.Sc (Engg:)
အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(စစ်တွေမြို့)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးသထော်ဦး-ဒေါ်စံခိုင်ဖြူတို့၏သားကြီး၊ ဦးစောလှဖြူ-ဒေါ်သိန်းဟန်၊ ဒေါ်စံလှဖြူ-ဦးစိန်ထွန်းတို့၏အစ်ကိုကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၁၁၃၊ အခန်းအမှတ် ၈ နေ ဒေါ်အေးရွှေ၏ခင်ပွန်း၊ ဦးကျော်ကျော်ညွန့်-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်သင်းသင်းမာ၊ (ယာယီခွဲမှူး၊ ဗိုလ်မှူး) ဗိုလ်ကြီးလင်းကိုကို-ဗိုလ်ကြီးဒေါ်စန်းစန်းမာတို့၏ဖခင်၊ မြသန္တာညွန့်၊ လွင်မာခိုင်ထွန်း၊ အေးအေးသက်ခိုင်၊ မျိုးသန့်ကျော်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်အေး
(အငြိမ်းစား၊ အထက-၁၊ ဗဟန်း)
အသက်(၈၅)နှစ်

ဗဟန်းမြို့နယ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စတင်ဖွဲ့စည်းတာဝန်ယူ ဆောင်ရွက်ခဲ့သော ဆရာဦးတင်အေးသည် ၂၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ဗဟန်းမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ
(၁၉၆၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ)။

ဝမ်းနည်းကြေကွဲခြင်း

ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်၊ အောင်မာဃလမ်းနေ ဒေါ်ဖြူနု၏ခင်ပွန်း၊ ဦးအောင်သောင်း-ဒေါ်ရီရီချို(အင်ကြင်းပွဲရုံ)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးခင်မောင်(ကျောက်ပန်းတောင်း) အသက်(၈၅)နှစ်သည် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်ထွန်း-ဒေါ်ခင်ဌေးဦး (ငွေတိုက်စိုးကုမ္ပဏီလီမိတက်)
ဦးကြည်စိုး (ရာမင်းကျော်ကုမ္ပဏီလီမိတက်)။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ဇ/၇၉၈ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးလုံးဘု ၁၂/ကမတ(နိုင်)၀၁၀၃၈၆က မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် ၃၀အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ခရိုင်ရုံး(အရှေ့ပိုင်း)
ကညန၊ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၁၊ လမ်း ၁၀၀ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၁-N)၊ မြေကွက်အမှတ်(၆၉) မခါတွန် အမည်ပေါက်နှစ် ၉၀ ဂရန်မြေကို ဦးဘသန်း(CF-၀၃၀၉၁၉)+၁၀က မြေပုံကူးခွင့်လျှောက်ထားလာရာ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

သားအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်ခြင်းနှင့် သွာနုတ္တသားအဖြစ်ကြေညာခြင်း

အိမ်အမှတ် ၄၇၊ အခန်း(ဘီ-၃) ဗဟန်း ၃ လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးအောင်ချမ်းနှင့်ဒေါ်ခင်စိန်တို့၏သား မောင်သန့်စင်ထွန်း ၁၄/လမန(နိုင်)၀၆၁၅၉၃ သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှပစ္စည်းများယူ၍ဆင်းသွားပါသည်။ ယခုကြော်ငြာပါသည့်နေ့မှ စ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပြီး သွာနုတ္တသားအဖြစ် သတ်မှတ်ကြေညာလိုက်သည်။ မောင်သန့်စင်ထွန်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဦးအောင်ချမ်း ၁၄/လမန(နိုင်)၀၂၄၆၈၄။

တိုက်ခန်းငှားမည်

ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ယုဇနတာဝါ၊
ပေ ၃၀ X ပေ ၆၀ ကျယ်သောအခန်း၊ သင့်တင့်မျှတသောဈေးနှင့်ငှားမည်။
သွားရေးလာရေးလွယ်ကူသည်။ ရေ၊ မီးကောင်းသည်။
ဆက်သွယ်ရန်-နေ့ပိုင်း 02-31572၊ ညပိုင်း-02-64442
(5:00 P.M-11:00 P.M တနင်္ဂနွေနေ့မှအပ)

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ်၆၅
(ကွယ်လွန်သူဦးဟရ်ဒီးယားရှားမားနှင့်ဒေါ်မေရီတို့ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆လမ်း၊ အိမ်အမှတ် ၅၄ တွင် နေထိုင်ခဲ့ကြသော ကွယ်လွန်သူ ဦးဟရ်ဒီးယားရှားမားနှင့် ဒေါ်မေရီတို့ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း ဒေါ်အမ်ရှာရမား(ခ)ဒေါ်သူဇာလှိုင် ၁၂/ဗဟန(နိုင်)၀၈၁၆၈၂က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၆ရက် (၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) နံနက် ၁၀ နာရီအချိန်တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဟရ်ဒီးယားရှားမားနှင့်ဒေါ်မေရီတို့ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၆ရက် (၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) မတိုင်မီ နံနက် ၁၀ နာရီအချိန်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာ အမှုတွဲကိုကြည့်ရှုနိုင်ရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ၏ လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

၂၀၀၄ခုနှစ် ဇူလိုင် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်ထုတ်ပေးလိုက်သည်။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး။

ကျောင်းဇရပ်ဒါယကာကြီး
ဦးသာညွန့်
B.Sc, B.Ed, M.S (Ed)
ညွှန်ကြားရေးမှူး(အငြိမ်းစား)၊အခြေခံပညာဦးစီးဌာန
လက်ပံတန်းမြို့နယ်အသင်း(နာယက)
ပညာတန်ဆောင်အုပ်ချုပ်ရေး(အဖွဲ့ဝင်)
သက်ကြီးကန်တော့ခံစာပေပညာရှင်
အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၁၅(မြေညီထပ်)နေ (ဦးအောင်ဘွား-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးဘထင်-ဒေါ်နှင်းမေ)တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးခင်မောင်အေး (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်တင်တင်ဌေးတို့၏ဖခင်၊ မောင်တက်ထွဋ်အောင်(ပညာတန်ဆောင်)၊ မောင်သိမ်းဝေလင်း၊ မောင်ထူးနိုင်လင်း-မစုစုအောင်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေဘ
ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက်(၇၀)

ကြံခင်းမြို့နေ ဦးဘသီ-ဒေါ်မယ်ကျော့တို့၏သားထွေး၊ပဲခူးမြို့နေ ဦးသန်း-ဒေါ်ပြုံးတို့၏သားသမက်၊ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဗိုလ်မှူးဇော်ထူးအောင်-ဒေါ်ဝါဝါမြင့်၊ ကိုအောင်မျိုးမြင့်တို့၏ဖခင်သည် ၂၆-၇-၂၀၀၄ရက် (တနင်္လာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်ညွန့်စိန်
ကျောင်းဆရာ(အငြိမ်းစား)
လက်ခုပ်ကုန်း
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းမြို့၊ ခွာညိုလမ်းနေ ဒေါ်ခင်မေ၏ခင်ပွန်း၊ဦးဇော်ဝင်း(ဟိုတယ်/ခရီး၊ ငြိမ်း၊ စူပါဝမ်းကုမ္ပဏီ) - ဒေါ်ခင်လှဲ့၊ ဦးစိုးတင့်-ဒေါ်ဝင်းမေသန်း (ကျန်းမာရေးဌာန၊ ငြိမ်း)၊ ဦးခင်မောင်မြင့်-ဒေါ်လှလှထွန်း၊ ဦးကျော်ဌေး-ဒေါ်ခင်စန်းဝေ၊ (ဦးထွန်းနိုင်)-ဒေါ်မြင့်စန်းလွင်၊ ဦးဝင်းမောင်(မြေစာရင်းဦးစီး၊လယ်ဝေး)-ဒေါ်တင်နုဝေ(အထက-၁၊ လယ်ဝေး)၊ ဒေါ်နွဲ့နွဲ့ဝင်း(အဆင့်မြင့်ပညာ၊ အောက်မြန်မာပြည်)၊ ဦးခင်ဇော်(Liz Star)-ဒေါ်မိုးမိုးလွင်၊ဒေါ်သီသီဆွေ(စက်မှု-၁၊ ရုံးချုပ်)၊ ဦးသက်ကိုကို (သူဌေးကျွန်းဟိုတယ်)-ဒေါ်တင်တင်အေး၊ ဦးသန်းဌေး(M.P.P.E) - ဒေါ်သင်းသင်းခိုင်တို့၏ဖခင်ကြီး၊ မြေး ၁၇ ယောက်တို့၏ အဘိုး၊မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၇-၂၀၀၄ရက် ညနေ ၃း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် လက်ခုပ်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Ngo Ko Khai
(Guardian သတင်းစာ၊ အယ်ဒီတာ၊ ငြိမ်း)
အသက်(၇၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွင်မံကျေးရွာနေ (U Za Khup-Daw Neam Mang) တို့၏ သား၊ ထုတ်လိုင်မြို့နေ (U Pum Kam-Daw Huai Khaw Cing)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၁၈၊ အရှေ့ရန်ကင်းနေ Daw Betty Cingh Pau ၏ ခင်ပွန်း၊ (Daw Cingh Zam-U Vum Tual)၊ (U Thian Pum)-Daw Hau Ko Man၊ Daw Mang Ko Ciin-Dr. Vum Ko Hau၊ (Capt.Ngo Lian-Daw Naing Ko Ciang)၊ (Daw Dim Ko Man-U Ngo Thawng)၊ (Daw Neam Ngo-U Tun Khai)၊ (Daw Vum Ko Dim)-U.L.Tun Thawng တို့၏ ညီ/မောင်၊ (U Lian Za Nang)-Daw Cing Za Pum တို့၏အစ်ကိုသည် ၂၆-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀း၄၅ နာရီတွင် UHC ဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ် ၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ စီးယင်းနှစ်ခြင်းအသင်းတော် (စိန်ဖီးလစ်ဘုရားကျောင်း)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ရန်ကင်းအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအန်ကို (လယ်ဝေး)
မြို့နယ်သမဝါယမဦးစီးဌာနမှူး(ငြိမ်း)
အသက်(၇၆)နှစ်

လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်၊ဘုရားလမ်းနေ ဒေါ်ရှု၏ခင်ပွန်း၊ချောင်းဦးမြို့နေ ဦးဝင်းရှိန်-ဒေါ်သင်းသင်းဦး(အထက)၊ မြစ်ကြီးနားမြို့နေ ဗိုလ်မှူးမြတ်စံ-ဒေါ်ညွန့်ညွန့်ရည် (အထက၊ နမ့်ပေါင်)၊ လယ်ဝေးမြို့နေ (ဦးတင်စိုး)-ဒေါ်ခင်စန်းရည်(သ/မဦးစီး)၊ ဦးလှမြင့်(တောအုပ်ကြီး၊ လယ်ဝေး-သစ်တော)-ဒေါ်ကြူကြူဝင်း(၂၈ ဆူ-အမက)၊ မန္တလေးမြို့နေ ဦးဌေးအောင်-ဒေါ်မြင့်မြင့်အေး (အထက-၁၂)၊ လယ်ဝေးမြို့နေ(ဦးတင်ဆွေ)၊ ရန်ကုန်မြို့နေ (ဦးဇော်မင်းနိုင်)-ဒေါ်မာလာမြင့် (Kitchen Mart)၊ လယ်ဝေးမြို့နေ ဒေါ်နီလာမြင့်(အထက-၁)တို့၏ဖခင်၊ ဗိုလ်ကြီးလင်းကျော်မျိုး-မခင်ခက်ခက်ခိုင်၊ မမေသူရှိန်၊ မဇာခြည်ဆွေ၊မမြတ်ဆုရည်၊ဗိုလ်လောင်းဟိန်းစိုးဦး(တပ်မတော်-ဆေး)၊ မောင်ရဲကျော်သူ၊ မမြတ်သန္တာ၊ မဟန်နီဦး၊ မောင်ကျော်ဇင်သန့်၊ မောင်ဂျူခန့်မော်၊ မရတနာအောင်၊ မနန္ဒာလှမြင့်၊ မမီမီဝင်းထက်တို့၏အဘိုးသည် ၂၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၀၄ရက်တွင် လယ်ဝေးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရှုရင် (မြိတ်)
အသက်(၆၆)နှစ်

မြိတ်မြို့၊ အမှတ် ၁၆၁၊ ရုံးလမ်း၊ ဈေးတန်းရပ်နေ ဦးစိန်ဝင်း(ခ)ဦးအပွတ်၏ဇနီး၊ ဦးခွေးငယ်-ဒေါ်တင်ဝါ၊ ဦးရှင်ယူ-ဒေါ်သန်းမြတို့၏ညီမ၊ ကိုစိုးမင်း-မအေးအေးမြတ်၊ ကိုသိန်းဦး-မမိုးသူဇာ၊ ကိုကျော်ကျော်ထွန်း၊ ဗိုလ်ဝင်းအောင်မျိုးတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၅-၇-၂၀၀၄ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ
ဒေါ်နီနီချို(ခ)ချိုချို
(သာကေတ)
အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ် ၉၉၂(ခ)၊ သလ္လာဝတီ ၆ လမ်း၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်နေ ဦးအုန်းမောင်-ဒေါ်ညွန့်စိန်တို့၏သမီး၊ (ဦးဘဝင်း-ဒေါ်နှင်းရီ)တို့၏သမီးချွေးမ၊ ပဲခူးမြို့နေ (ဦးမောင်စိန်)-ဒေါ်အမာတို့၏တူမ၊ ဦးစန်းလွင်၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်ကြည်ကြည်မြင့်တို့၏ညီမ၊ ဦးသိန်းဦး-ဒေါ်ခင်ချိုမြင့်၊ ဦးသန်းဦး-ဒေါ်ဥမ္မာသီ၊ ဦးသောင်းဦး - ဒေါ်ကေသွယ်ခိုင်တို့၏အစ်မ၊ မောင်သူရကျော်၊ မောင်စည်သူအောင်-မခင်ချိုထွေး၊ မလပြည့်ဝန်း(အထက-၂၊ သာကေတ)တို့၏မိခင်သည် ၂၇-၇-၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်ထွန်း(ခ) Sonny (ခ) Herold Than Tun
စိန့်ဂျွန်းကျောင်းသားဟောင်း
(စာတိုက်နှင့်ကြေးနန်း ဘောလုံးသမားဟောင်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် FMI City၊ အထက်ပဒေသာပင်လမ်း၊ ဂျေ(၁၅)နေ ဦးသန်းထွန်း-ဒေါ်သန်းသန်းတို့၏ဒုတိယသား၊ (အေဝမ်း ဦးတင်မောင်)-ဒေါ်တင်တင်တို့၏သားသမက်၊ ဒေါ်နှင်းနှင်းဝင့်(ခ)Ellen Tin Maung ၏ခင်ပွန်း၊ ကိုကျော်ဇင်ဟိဏ်း(စိမ့်စိမ့်စံ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)-မစိုးပပ၊ ကိုကျော်ရဲလင်း-မနန်းနွယ်စိုး၊ ကိုညီညီလွင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါကုဌာန၌ ၂၆-၇-၂၀၀၄ရက် (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း(ခ)ဂျင်ကျိုက်လိုင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ၄၁ လမ်းနေ (ဂျင်ကိုဟွာ-ဒေါ်အောင်ငွေ)တို့၏သား၊ ဦးမောင်ဆန်း-ဒေါ်သန်းသန်း(ခ)လောင်ရှုရန်၊ ဒေါ်အကြူး(ခ)Alice-ဦးမြင့်ရွှေ၊ ဒေါ်ချိုချိုဝင်း-ဦးမောင်မောင်အေး၊ ဒေါ်အစွမ်၊ ဒေါ်ခင်ချိုဝင်း(ခ)Lily-Ronald၊ ဒေါ်အယုန်း၊ (ဒေါ်တင်တင်လှ)၊ ဒေါ်မြမြဝင်း-ဦးအောင်စိုးသိန်း၊ ဒေါ်အေးအေးဝင်း-ဦးကျင်ယုံတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘခိုင် (စစ်ကိုင်း)
ဒု-ညွှန်မှူး(ငြိမ်း၊ ထွေ/အုပ်)
အသက်(၇၇)နှစ်

စစ်ကိုင်းမြို့၊ အမှတ် က/၆၆၊ ပါရမီရပ်နေ ဒေါ်တင်တင်မေ၏ခင်ပွန်း၊ ဦးခိုင်ဇော်ဦး(ထွေ/အုပ်၊ စစ်ကိုင်း)-ဒေါ်ခင်သန်းနု၊ ဦးခိုင်မျိုးလွင် (ဆည်မြောင်း၊ စစ်ကိုင်း)-ဒေါ်ချယ်ရီ၊ ဒေါ်မေမြတ်ခိုင် (မုံရွာပညာရေးကောလိပ်)၊ (ဦးခိုင်စိုးဦး၊ ထွေ/အုပ်၊ရွှေဘို)-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်မေသင်းခိုင်(နယ်စပ်/စည်ပင်၊မန္တလေး)၊ ဦးခိုင်မိုးသူ(ဥပဒေရုံး၊မြောင်)-ဒေါ်သဥ္ဇာထွဏ်း(နယ်စပ်/စည်ပင်၊ ရုံးချုပ်)တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Ngo Ko Khai
(Guardian သတင်းစာ၊ အယ်ဒီတာ၊ ငြိမ်း)
အသက်(၇၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွင်မံကျေးရွာနေ (U Za Khup-Daw Neam Mang) တို့၏ သား၊ ထုတ်လိုင်မြို့နေ (U Pum Kam-Daw Huai Khaw Cing) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၁၈၊ အရှေ့ရန်ကင်းနေ Daw Betty Cingh Pau၏ခင်ပွန်း၊ Daw Mang Suan Cing-U Mang Dal၊ Daw Cing Neam(YMCA)၊ Capt. Khup Tun-Daw Thee Phyu Hlaing၊ U Kam Suan Khai (မြန်မာ့သစ်လုပ်ငန်း)၊ Daw Pum Huai-U Zam Lian Kham (Happy Family မန္တလေး)တို့၏ဖခင်၊ Mg Khai Khan Kim၊ Ma Naing San Lian၊ Ma pau Thian Muan Huai၊ Ma Pau San Kim တို့၏အဘိုးသည် ၂၆-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀း၄၅ နာရီတွင် UHC ဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၇-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ စီးယင်းနှစ်ခြင်းအသင်းတော် (စိန်ဖီးလစ်ဘုရားကျောင်း)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ရန်ကင်းအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Tg. Mang Tung Lian (ခ) Lian Pi (Phai tu)
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၀/၈၊ ရေနံ့သာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေ (Pu Gin Za Hau)-Pi Niang Nuam Mang တို့၏သား၊ Nu No Kho Dim-Rev.Cin En Thang၊ Pa Pau Lian Mang-Nu Ngai Hau Cing၊ Pastor, Pau Lun (Z.B.C.Y)-Nu Neem Nuam Mang၊ Pa Pau Thang-Nu Pau En Niang တို့၏ ညီ/မောင်၊ Nu Cing Lun Niang-Pa Mang Thang၊ Tg. Thang Hau တို့၏ အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၂၆-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ကို ၂၈-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်စိုးပိုင်သူ(ခ)စိုးပိုင်
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အိမ်အမှတ် ၂၂ (ခုနစ်လွှာ)၊ ညာဘက်အခြမ်းနေ ဦးတင်စိုး(ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ငြိမ်း)-ဒေါ်မိမိမူတို့၏သား၊ မအိတင်စိုး၏မောင်၊ ကိုစိုးကျော်သူ-မညိုညိုလင်း၊ မောင်စိုးဝေဝင်း - မမြင့်မြင့်အေးတို့၏ ညီ/မောင်၊ မပြည့်တင်စိုး၏အစ်ကိုသည် အထက်ပါနေအိမ်၌ ၂၆-၇-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ (ဖျာပုံ)
ယခင် လယ်စိုက်ရှင်း(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၄၉၈/၄၉၉ (ခေါင်းရင်းနှစ်လွှာ)နေ (ဦးဘကျော် - ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးဘခိုင် - ဒေါ်တင်လှ)တို့၏ သားသမက်၊ ဦးကိုကိုကြီး-ဒေါ်စန်းတင့်၊ ဦးမောင်မောင်-ဒေါ်လှတင့်တို့၏ ညီ/မောင်၊ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးသူရအောင် - ဒေါက်တာတင်တင်အေး၊ ဗိုလ်ကြီးအောင်သူခိုင် - ဒေါ်မဥ္ဇူအေး၊ ဒေါ်မိမိခိုင်(P.P.B Co.,)တို့၏ဖခင်သည် ၂၆-၇-၂၀၀၄ရက် ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
ပါမောက္ခ၊ဌာနမှူး၊သင်္ချာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
(မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်)
အသက်(၆၁)နှစ်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့၊ အောင်ချမ်းသာရပ်နေ (ဦးဘသန်း-ဒေါ်သိန်း)တို့၏သားကြီး၊ (ဦးမြဖေ)-ဒေါ်လှရှန်တို့၏သားသမက်၊ ဦးတိုးမောင်-ဒေါ်အေးအေးနွဲ့၊ ဒေါ်မြကြွယ်တို့၏အစ်ကိုကြီး၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်နယ်မြေ၊ ပညာရိပ်သာလမ်း၊ ခြံအမှတ် ၉ နေ ကိုဇော်ဝင်းမြင့်၊ ကိုမျိုးသန့်ကျော်၊ ကိုမင်းသန့်ဇော်၊ မအေးအေးမွန်တို့၏ဖခင်၊ဒေါ်ခင်စိန်၏ခင်ပွန်းသည် ၂၆-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၉၊ ပညာရိပ်သာလမ်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးလှမောင်
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၆ လမ်း၊ အမှတ် ၄၈ နေ(ဒေါ်သိန်းသိန်း)၏ခင်ပွန်း၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာနေ(ဦးစိုးညွန့်)-ဒေါ်လှကြည်(အငြိမ်းစားကျောင်းဆရာမ)တို့၏ဖခင်၊ ဒေါ်ကျင်မြိုင်၊ ဒေါ်သန်းမြင့်တို့၏အစ်ကိုသည် ၂၇-၇-၂၀၀၄ရက် နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးသန်း (လပွတ္တာ)
လပွတ္တာမြို့နယ်အသင်းနာယကဟောင်း
အငြိမ်းစားကျောင်းဆရာကြီး
အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ငွေကြာယံအိမ်ရာ၊ ၁၄ လမ်း၊ အမှတ် ၄၀၂(ဘီ)နေ (ဦးဖေ-ဒေါ်နက်)တို့၏သား၊ ဦးမြင့်အောင် (OSE Shipping Co.,)-(ဒေါ်ခင်မေသန်း၊ အထက-၅၊ တာမွေ၊ ငြိမ်း)တို့၏ဖခင်၊ဒေါ်ခင်မေလေး(CMSD၊ ငြိမ်း)၊ ဒေါ်ခင်ဌေးမြင့်(ဘရဲ)တို့၏ဦးလေး၊ မောင်ဝဏ္ဏအောင်၊ မောင်ရွှေလမင်း(Ex. P.M.G) မမေသန့်အောင်၊မောင်စည်သူအောင်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၀၄ရက်တွင် ရဲမေတ္တာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သွယ် (မန္တလေး)
အသက်(၈၆)နှစ်

မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်နေ ဒုတိယရဲမှူး သန်းထွဏ်း(မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့)-ဒေါ်စောနီလာ၊ ဦးညီညီလွင်-ဒေါ်စန်းရီ (အမက-၂၊ ချမ်းအေးသာစံမြို့နယ်)၊ ရဲအုပ်လှမြင့် (စခန်းမှူး၊ ငွေးပင်ရဲစခန်း၊ ချောက်မြို့နယ်၊ မကွေးတိုင်း)-ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မမာမာဦး၊ မဖြူသဲစုတို့၏ဘွားဘွားကြီးသည် ၂၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၀၄ရက်တွင် ကြာနီကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညိမ်
(ဓနုဖြူမြို့နယ်၊ ကဇင်းတောကျေးရွာ)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် ၅၄-အေ (မြေညီထပ်)နေ (ဦးအောင်သိန်းရွှေ)၏ဇနီး၊ဓနုဖြူမြို့နယ် ကဇင်းတောရွာမနေ (ဦးကွက်-ဒေါ်မငွေ)တို့၏သမီး၊ဦးသန်းဟန်-ဒေါ်ခင်ရီ၏ ညီမ၊ ဦးအောင်ကြည်-ဒေါ်ကြည်မြင့်၊ (ဦးမြင့်ကြည်)၊ ဦးကျော်တိုး-ဒေါ်မူမူသန်း၊ ဦးအေးသိန်း-ဒေါ်ခင်နွဲ့၊ ဦးစိန်လှိုင်-ဒေါ်ခင်ဝင်းတို့၏အစ်မ၊ ဦးစိုးနိုင်ဆွေ-ဒေါ်မာမာဦးတို့၏မိခင်၊ မလဲ့ရည်ဖြိုး(သတ္တမတန်း-ဒီ၊ အထက-၆၊အလုံ)၊ မောင်ပြည့်ဖြိုးကျော်(ဒုတိယတန်း-အေ၊ အထက-၆၊ အလုံ)တို့၏ အဘွားသည် ၂၆-၇-၂၀၀၄ရက် မွန်းလွဲ ၂း၄၅ နာရီတွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မသန့်ဟေသီ
အသက်(၃နှစ်၊၅လ)

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ညောင်တပင်လမ်းနေ ဦးရှင်း-ဒေါ်ကြည်၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ပွဲစားတန်းလမ်းနေ ဒေါက်တာကြံအောင်-ဒေါ်သန်းသန်းရင်တို့၏မြေး၊ ကိုမျိုးသန့်ဇင် (ကိုဟိုက်လေး) - မမိဇွန်အောင်တို့၏ သမီးသည် ၂၇-၇-၂၀၀၄ရက် နံနက် ၀၀း၃၀ နာရီ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၄ နာရီတွင် ညောင်တပင်လမ်းနေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀) တွင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗလမင်းထင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ကြည့်ရှုစစ်ဆေး ရောဝတီအရှေ့နှင့်အနောက်ဘက်ကမ်း ရေတိုက်စားမှုကာကွယ်ရေးမှာကြား

✪ နိုင်ငံတော်၏အနာဂတ်ခိုင်မာရေး ပြည်ထောင်စုကြီး အခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။

✪ နိုင်ငံသားတိုင်း ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့ နေနိုင်ရေး၊ တတ်သိထားသည့် ဆေးပညာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်။

ရန်ကုန် ဇူလိုင် ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ ☆**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရိုးရာလေမှုတ်တူရိယာ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကမ္ဘာ့ တေးဂီတပွဲတော်ကျင်းပမည်ဖြစ်ရာ ဩစတြေးလျနိုင်ငံမှ တေးဂီတပညာရှင် ဂေဗင်စပွတ်ခ်ကဒစ်ဂျယ်ရီဒူးခေါ် ရိုးရာလေမှုတ်တူရိယာကို စမ်းသပ်မှုတ်နေစဉ်။ **(ဝဲပုံ)**

အဆိုပါ တေးဂီတပွဲတော်တွင် နိုင်ငံ တကာနှင့် ပြည်တွင်း အနုပညာရှင် ၆၀ ကျော်တို့ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်ပေါင်း ၄၀၀ ခန့်က ပန်းကန်ပြား

တရုတ်ပြည်၏ မင်မင်းဆက် လက်ထက်ကဟုယုံကြည်ရသော အရှည် ၂၁ မီတာရှိ ရေယာဉ်တစ်စင်းသည် လွန်ခဲ့သည့် နှစ် ၄၀၀ ခန့်၌ မလေးရှားနိုင်ငံ အရှေ့မြောက်ရှိ တီရန်ဂါနူ ပြည်နယ်တွင် နစ်မြုပ်ခဲ့ရာ ထိုရေယာဉ်နှင့်အတူတန်ဖိုးရှိသော ပစ္စည်းထောင်ပေါင်းများစွာလည်း ရေအောက် နစ်မြုပ်ခဲ့ရသည်။

ပင်လယ်ရေအောက်မှပြန်လည်ဖော်ထုတ်ရရှိခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က လက်ရာဖြစ်သည့် ပန်းကန်ပြားကို တွေ့ရစဉ်။ (**အပေါ်ပုံ**)

(ဓာတ်ပုံ-အင်တာနက်)

ရွာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တစ်ခါတစ်ရံ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

သတင်းဆောင်းပါး အညွှန်း

"အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ များယွင်းပစ်ခတ်တိုက်ခိုက်"

နိုင်ငံတကာသတင်း (စာ-၄)

"မိုးဥတုကာလတွင်ဖြစ်ပွား တက်သည့်ဝမ်းပျက်၊ ဝမ်းလျော၊ ဝမ်းကိုက်၊ ဝမ်းဖောဝမ်းရောင်၊ အစာမကြေ လေထိုးလေအောင့်၊ အသည်းရောင်အသားဝါ၊ သန်ကောင်၊ တုတ်ကောင်၊ တုပ်ကွေး၊ အဆုတ်ပွန်ရောင်နှင့် မျက်စိနာရောဂါများ မဖြစ်ပွားရန် ကြိုတင်ကာကွယ်ခြင်း၊ ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာ သိရှိပြီး၊ ကနဦး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောလျင်စွာ ပြုလုပ်နိုင်ရန်ဖြစ်သည်။"

ကျန်းမာရေးအလေးဂရုပြုစရာ မိုးတွင်းချိန်ခါ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)၏ဆောင်းပါး(စာ-၁၀)

အယ်လ်ဂျီဖလားပွဲအကြို နိုင်ငံတကာခြေစမ်းပွဲယှဉ်ပြိုင်မည် ပဏာမလက်ရွေးစင်များ စိတ်ဓာတ်ရေးရာမြင့်မားလျက်ရှိ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၇

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၁၈ ရက်တွင် စတင်ကျင်းပမည့် အယ်လ်ဂျီဖလား(LG Cup)ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ်လ ပထမပတ်အတွင်း၌ နိုင်ငံတကာခြေစမ်းပွဲများ **စာမျက်နှာ ၇ ကော်လံ ၁ ✻**

ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်း

နိုင်ငံတကာ ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ဇူလိုင်၂၇ရက်က ပဒုမ္မာလေ့ကျင့်ရေးကွင်း၌ ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)